www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ကန်လေးရိုးက ဟွားလောကကြီး

## မိညာဉ်ကွဲ တဓမ္မ



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

❑ **ထုတ်ဝေသူ**
ဦးသစ်လွင်၊ ဂန္ဓာမြိုင်စာပေ၊ (မြဲ-၀၉၄၈)၊ အမှတ် ၁၁၃၊ ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

❑ **မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

❑ **အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

❑ **ပြည်လုံးကျွတ်ဖြန့်ချိရေး**
ရဲရင့်အောင်စာပေ
အမှတ်-၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
ကန်လေးရိုးကဖွားလောက်ကြီး
ဝိညာဉ်ကွဲတစ္ဆေ/ကန်လေးရိုးကဖွားလောက်ကြီး- ရန်ကုန်၊ ဂန္ဓာမြိုင်စာပေ၊ ၂၀၁၂။
၁၃၇-စာ၊ ၁၃ × ၂၀ စင်တီ။
(၁) ဝိညာဉ်ကွဲတစ္ဆေ




ချစ်စွာသော စာဖတ်ပရိသတ်များခင်ဗျာ ...
အုပ် ၂၀ မြောက် အထူးထုတ်စာအုပ်ကို အားပါးတရ
အားပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ် ...
**ဝိညာဉ်ကွဲတစ္ဆေ** မှာ
ဘာတွေဖြစ်သွားလဲဆိုတာ
ဖတ်ကြည့်ပါဦးလို့ ...

**စာရေးတဲ့**
**ဖွားလောက်ကြီး**

အမှတ်-၂၅၊ အရှေ့မြို့ပတ်လမ်း၊
ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၀၁ ၄၀၁၃၆၄၊ ၀၉ ၇၃၁၁၃[illegible]

www.burmeseclassic.com

www.burmeseclassic.com



# ကန်လေးရိုးက ဖွားလောက်ကြီး

ထွက်ရှိပြီးသောစာအုပ်များ


၁။ သချိုင်းမြေမှ အရိပ်တစ္ဆေ
၂။ သချိုင်းရွာက မရဏကျိန်စာ
၃။ မရဏဝိညာဉ် မာယာရှင်တစ္ဆေမလေး
၄။ ဝိညာဉ်ဆိုး၏ လိပ်ပြာခေါ်သံ
၅။ ဝိညာဉ်မျက်လုံးနှင့်မာယာမိန်းမပျို
၆။ အခေါင်းထဲကအလောင်း
၇။ မိစ္ဆာမြေမှ အကျဉ်းစံတစ္ဆေမလေး
၈။ ကိုယ်ယောင်ဖျောက်ဗုံတီးသံ
၉။ တစ္ဆေခြောက်တဲ့ ဟိုဘက်အိမ်
၁၀။ ဝိညာဉ်တို့၏မရဏခရီး
၁၁။ မာယာရှင်မလေး၏ တတိယမြောက်နှာရေး
၁၂။ မိစ္ဆာရှင်မလေး၏ သောကမျက်ရည်
၁၃။ အကျည်းတန်တစ္ဆေရဲ့ အပြာရောင်ည
၁၄။ တမလွန်သွားမယ့် ဝိညာဉ်မလေးရဲ့ဆန္ဒ
၁၅။ သာဓုခေါ်ပေးပါ
၁၆။ မရဏညက ဝိညာဉ်ခေါ်သံ
၁၇။ တစ္ဆေနေတဲ့ အိမ်ကဝိညာဉ်တွေ
၁၈။ ဝိညာဉ်တို့၏ အဖြူရောင်သတို့သမီး
၁၉။ မိစ္ဆာခွေးနက်ကြီး၏ နောက်ဆုံးဒေါသ


**ဆက်လက်ထုတ်ဝေမည့်စာအုပ်များ**


၁။ တမလွန်မလေးရဲ့ အချိန်လွန်နှောင်တ
၂။ ဝိညာဉ်မေမေရဲ့ မိစ္ဆာသား
၃။ သချိုင်းထဲမှာ ခေါ်တာပစ်ပေးပါ
၄။ တိမ်မဲကောင်းကင်မှ ဝိညာဉ်ပျိုမလေးတောင်းတဲ့ဆု
၅။ ပန်းတစ္ဆေမလေးရဲ့အမုန်းဈာပန
၆။ ကားနံပါတ်(၁၃)


**ယခုလ**

**ဝိညာဉ်ကွဲတစ္ဆေ**





အထူးထုတ်အတွက်

# အထူး

***Phone Section***

ဖွားလောက်ကြီးမပြောသော ဖုန်းကဏ္ဍ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စာဖတ်ပရိသတ်ကြီးခင်ဗျား –

စာဖတ်ပရိသတ်ကြီးအတွက် ထူးထူးခြားခြားဖန်တီးနိုင်ရန် ကျွန်တော် ဖွားလောက်ကြီး၏ အုပ်(၂၀)မြောက် အထူးထုတ်ထွက်ရှိရန် ကြိုးစားပြင်ဆင်နေရပါသောကြောင့် ထွက်ရန်နောက်ကျခဲ့ပါသည်။

အခုထွက်ရှိလာတဲ့ စာအုပ်ကို စာဖတ်ပရိသတ်ကြီးဖတ်ရှုကာ အားရကျေနပ်မယ်လို့ ထင်ပါ၏။

ပရိသတ်ကြီးအတွက် အစဉ်အမြဲ ဖွားလောက်ကြီးက ကြိုးစားနေသလို အစဉ်အမြဲအားပေးတဲ့ ပရိသတ်ကြီးကို ကျေးဇူးအထူးတင်လျှက် ...

**အစဉ်ကြိုးစားမယ့်**
**စာရေးတဲ့**
**ဖွားလောက်ကြီး** ✍

အမှတ်–၂၅၊ အရှေ့မြို့ပတ်လမ်း၊
သရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း – ၀၁ ၄၀၁၃၆၄၊ ၀၉ ၇၃၁၁၃၉၀၉







"တူ ... တူ"

အခုရက်ပိုင်း ပရိသတ်ဆီက ဖုန်းမလာတာကြာလို့ အသိမိတ်ဆွေတွေထဲက ဖုန်းဆက်တာပဲနေမှာဟုတွေးကာ ဖုန်းကောက်ကိုင်လိုက်၏။

"ဟဲလို ... "

"စာရေးဆရာ ဖွားလောက်ကြီးနဲ့ စကားပြောချင်လို့ပါရှင်"

အမျိုးသမီးတစ်ဦးအသံကလည်း စိမ်းနေတာကြောင့် ပရိသတ်ထဲက ဖြစ်မှာဟု ထင်လိုက်သည်။

"ဟုတ်ကဲ့ ကျွန်တော် ဖွားလောက်ကြီးပါ"

"ဆရာ ... သမီးနာမည် ကေသီပါ ... သမီး အရမ်းကြောက်နေလို့ပါ ဆရာ"

"ဟင် ... ဘာ ... ဘာကိုကြောက်နေတာလဲ ကေသီ"

ကျွန်တော်က စိတ်ပူစွာမေးတော့ တစ်ဖက်ဖုန်းအသံရှင် အမျိုးသမီးလေးက အသံတုန်တုန်ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီအခန်းမှာ သူသေသွားတာ ဆရာ"

"သူ … ဆိုတာ ဘယ်သူလဲ ကေသီ"

"သမီးချစ်သူလို့ပြောရမလား ယောကျ်ားလို့ပဲပြောရမလား ဆရာရယ်၊ သမီးနဲ့သူနဲ့ ခိုးပြေးလာကြတာ ဒီတိုက်ခန်းကိုပါ"

"ဪ … "

ကျွန်တော် အခုမှ သဘောပေါက်လို့သွား၏။

ကေသီက ဆက်၍ -

"သမီးလေ သူ့ကို သိပ်ချစ်တာပါ၊ သူကလည်း သမီးကို သိပ်ချစ်ပါတယ်၊ ဒါပေမယ့် ဆရာရယ် သမီးတို့အဖြစ်က ကံဆိုးပါတယ်"

"ဘယ်လို ကံဆိုးတာလဲ ကေသီ"

"သမီးချစ်သူက ရုပ်ဆိုးတယ်၊ ပြီးတော့ မွတ်ဆလင်ဘာသာဝင် ကုလားလူမျိုးတစ်ယောက်ပါ၊ သမီးက ဖြူဖြူချောချောလေးပေါ့ ဆရာရယ်၊ ပြီးတော့ ဗုဒ္ဓဘာသာဝင်ပါ"

"ဟုတ်လား … ဘယ်လို နီးစပ်သွားကြတာလဲ"

ကျွန်တော်က စိတ်ပါဝင်စားစွာမေးလိုက်သည်။

"သမီး မိဘတွေက လက်ဖက်ရည်ဆိုင်ဖွင့်ထားပါတယ်၊ သူက ဆိုင်မှာ ငယ်ငယ်ထဲက စားပွဲထိုးလာတဲ့ အလုပ်သမားတစ်ယောက်ပေါ့ …

ဖင်ပေါ့တယ်၊ ခိုင်းကောင်းတယ်ဆိုတော့ ဆိုင်မှာအားထားရတာနဲ့ သမီးမိဘတွေက အလေးထားကြပါတယ်၊ သူလည်း အရွယ်ရောက်လာ သမီးလည်း အရွယ်ရောက်လာတော့ အနေနီးရာက ချစ်မိသွားတယ်လေ"

"အင်း … "

"သမီးကိုကြိုက်တဲ့လူတွေအများကြီးပါ … ဒါပေမယ့် ဘယ်လိုဖြစ်မှန်းကိုမသိဘူး သူ့ကိုပဲ သမီးချစ်တယ်လေ"

"ဖြစ်တတ်ပါတယ် ဆက်ပါဦး"



ကျွန်တော်မှ စကားကိုထောက်ပေးလိုက်၏။

"လူကြီးတွေသိပ်မိတော့ တက်လိုက်တဲ့ပြဿနာ … သမီးချစ်သူ အချုပ်ထဲရောက်သွားတယ်၊ ဘာသာလည်းမတူ အဆင့်အတန်းချင်းလည်းကွာတယ်ပေါ့ ဆရာရယ်၊ သမီးချစ်သူ အကျဉ်းဖြစ်တာကိုသိရတော့ သမီးမှာ ရူးမတတ်ပါပဲ၊ ငိုလိုက်ရတာ အကြိမ်ကြိမ်ပါ …

အဲလိုနဲ့ သူ အချုပ်ကထွက်လာတော့ အရဲစွန့်ပြီး သမီးကိုလာတွေ့တယ်၊ သမီးလည်း နောက်တစ်ခါဆိုပေါင်းရမှာမဟုတ်ဘူးလို့တွေးပြီး သူနဲ့အတူ သူ့အသိတိုက်ခန်းကို လိုက်လာတယ် … "

"အင်း … အခုဖြစ်တာက … "

"ပြောမယ်ဆရာ … အရမ်းထူးဆန်းတယ်၊ သမီးမိဘတွေက သမီးကို အမွေပြတ်ပြီး မကြာပါဘူး၊ တစ်ရက်မှာ သူအပြင်ကပြန်လာတယ်၊ အရက်တွေလည်း တအားမူးလာတယ်ဆရာ၊ သူ့ကိုယ်သူလည်း ဘာရဲ့သူရဲကောင်း ညာရဲ့သူရဲကောင်းဆိုပြီး အော်ဟစ်နေတာ သမီးပြောလို့လည်း ဘယ်လိုမှမရဘူး …

အရူးလိုပဲ တိုက်ခန်းထဲလှည့်ပတ်ပြေးရင်း ဝရံတာက ခုန်ချလိုက်တာ တိုက်ခန်းက မြောက်လွှာဆိုတော့ တစ်ခါထဲ သေသွားတယ်ဆရာ … "

"စိတ်မကောင်းစရာပဲ"

"ဆရာ … "

"ပြောပါ ကေသီ"

"ဆရာက ပရလောကနဲ့ပတ်သက်တဲ့ ဝတ္ထုတွေရေးရတော့ သရဲတစ္ဆေကို ယုံမှာပေါ့နော်"

"ယုံပါတယ် ကေသီ … ယုံလို့လည်းရေးတာပေါ့"

"သူ မကျွတ်မလွတ်ဖြစ်နေတယ်ဆရာ၊ သူသေတာ ည ဆယ်နာရီလောက်မှာပါ။ အဲဒီအချိန်ဆို လှေကားကသူတက်လာတဲ့ခြေသံကိုကြားရတယ်၊ ပြီးရင် တံခါးခေါက်သံကြားရတယ်၊ သမီးလည်း ဒီအခန်းမှာမနေရဲတော့ဘူးဆရာ၊ ည

www.burmeseclassic.com



ဆယ်နာရီဆို သမီး တအားကြောက်နေပြီ"

"သမီးချစ်သူလည်းမရှိတော့မှတော့ အခန်းပြောင်းနေပေါ့"

"ဟင်း"

တစ်ဖက်ဖုန်းမှ ကေသီရဲ့ သက်ပြင်းသံကြီးကို ကြားရ၏။

"ဘာလို့လဲ ကေသီ"

"သမီးမှာ နေစရာလည်းမရှိပါဘူး၊ မိဘတွေကလည်း လက်မခံပါဘူး၊ ဟင့် ဟင့်"

ကေသီရဲ့ ရှိုက်ငိုသံနှင့်အတူ ...

"ဆရာ ... ကြား ... ကြားလား"

"ဘာလဲ ... ဂေသီ"

"လေကားကတက်လာတဲ့ခြေသံ မကြာခင် တံခါးခေါက်တော့မယ်၊ ဒီတစ်ခါ ဘာပဲဖြစ်ဖြစ် သမီးတံခါးဖွင့်လိုက်မယ်၊ ဆရာဖုန်းကိုင်ထားပါနော် ... သမီးကို ကူညီပါ ... တီ ... တီ"

ပြောရင်း ဖုန်းသံကပြတ်လို့သွားလေတော့သည်။

ထိုနေ့က ဗုဒ္ဓဟူးနေ့ ညဘက်ဖြစ်ပါသည်။ သောကြာနေ့ထွက်တဲ့ ဂျာနယ်တစ်စောင်မှာတော့ ပုဇွန်တောင်ဘက်တိုက်ခန်းတစ်ခုရဲ့ ပြတင်းပေါက်တံခါးမှ မိန်းကလေးတစ်ဦး ပြုတ်ကျသေဆုံးသွားကြောင်း သတင်းပါလာသည်။


ပြုတ်ကျတဲ့အချိန်က ညဘက် နေ့က ဗုဒ္ဓဟူးနေ့ ပြုတ်ကျတဲ့ မိန်းကလေး နာမည်က ကေသီမြင့်တဲ့လေ ...

ထိုတစ်ညက ...

ကျွန်တော်နှင့်ဖုန်းပြောခဲ့သော ကေသီဆိုသည့် သည် ...







"တူ ... တူ ... "

ဖုန်းသံက အဆက်မပြတ်မြည်နေတာကြောင့် လုပ်လက်စအလုပ်ကို ဘေးချကာ ဖုန်းကို ကောက်ကိုင်လိုက်ပါသည်။

"ဟဲလို ... ကျွန်တော် ဖွားလောက်ကြီးပါ"

"ဟာ ... ဆရာဖွားလောက်ကြီး ကျွန်တော် ဖိုးထူးပါ၊ အင်းတကော်က"

"ဟုတ်ကဲ့ ကိုဖိုးထူးပြောပါ"

"ကျွန်တော်က ဆရာ့စာအုပ်တွေ အရမ်းကြိုက်တယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

"ဆရာ ပထမဆုံးထွက်တဲ့ စာအုပ်တွေရှာလို့မရဘူးဗျ၊ ဒုတိယအကြိမ် ပြန်ထုတ်ပါလား၊ မဖတ်ရသေးတဲ့ ပရိသတ် ဖတ်ရအောင်လေ"

"ဒုတိယအကြိမ်တော့ ပြန်မထုတ်တော့ဘူး ကိုဖိုးထူး၊ အသစ်ရေးထားတဲ့ စာမူတွေရှိပါတယ်၊ လစဉ် ပုံမှန်ထွက်နေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် … ဆရာ့ရဲ့ ပထမဆုံးစထွက်တဲ့စာအုပ် သချိုင်းမြေမှ အရိပ်တစ္ဆေရယ်၊ နောက် မရဏာဝိညာဉ် မာယာရှင်တစ္ဆေမလေး စာအုပ်တွေက သိပ်ကောင်းတယ်လို့ သူငယ်ချင်းကပြောလို့ ရန်ကုန်ဆင်းရှာလည်း မတွေ့ဘူး၊ ဘယ်လို ထုပ်ရမလဲ"

ကိုဝိုးထူးက မေးခွန်းထုတ်လေပြီ …

"ဟုတ်ကဲ့ … ကျွန်တော့်ရဲ့ ပထမဆုံး လက်ရာတွေပါ၊ စိတ်ရှိတိုင်းရေးခွင့် မရသေးတဲ့အချိန်မှာ ဘောင်တစ်ခုထဲကနေ ပရိသတ်ကြိုက်အောင် ကျွန်တော် ကြိုးစားထားရတာပါ …

ကြိုးစားရကျိုးနပ်တယ်လို့ ပြောရမှာပဲ၊ ပရိသတ်ကလည်းကြိုက်ပါတယ်၊ ကိုဝိုးထူး ဗွားလောက်ကြီးစာအုပ်တွေနဲ့ပတ်သက်လို့ ဘယ်စာအုပ်ပဲလိုလို စာအုပ်တိုက်ကို လှမ်းမှာ ဝယ်လို့ရပါတယ်"

"စာအုပ်တိုက်မှာ ဝယ်လို့ရတယ်လား"

"ရပါတယ်ဗျာ … ရပါတယ်"

"ကျေးဇူးပဲ ဆရာ ဗွားလောက်ကြီးရေ … အခုထက်ပိုအောင်မြင်ပါစေ"


"ဆုပေးတဲ့အတိုင်း ပြည့်နေပါစေ"

"ဆရာက အတော်နောက်တာပဲ"

ကိုဝိုးထူးကပြောကာ ဖုန်းချသွားလေတော့သည်။







"တူ … တူ … "

"ဟဲလို"

ဖုန်းသံက မြည်လာသဖြင့် ကောက်ကိုင်လိုက်ရာ တစ်ဖက်ဖုန်းမှ -

"ဆရာဗွားလောက်ကြီးနဲ့ စကားပြောချင်လို့ပါ"

"ဟုတ်ကဲ့ ကျွန်တော် ဗွားလောက်ကြီးပါ ဘာပြောချင်လို့လဲ ခင်ဗျာ"

"ဆရာ … ကျွန်တော့်နာမည် သစ်ဦးပါ"

"ဟုတ်ကဲ့ သစ်ဦး ပြောပါ"

တစ်ဖက်အသံရှင် သစ်ဦးအသံက ကျွန်တော့်အထင် အသက်အစိတ်ဝန်းကျင်လောက် သာရှိမည်ထင်၏။

"ဆရာ့ကို အရမ်းထူးဆန်းပြီး ကျွန်တော် အရမ်းခံစားရတဲ့အကြောင်း ပြောပြချင်လို့ပါ"

"ထူးဆန်းတာကဟုတ်ပါပြီ … ခံစားရတယ်ဆိုတာက ဘာလဲ သစ်ဦး"

"ဒီလိုပါ ဆရာရယ် … ကျွန်တော်က နယ်မြို့ကြီးတစ်မြို့မှာ ဈေးရောင်း ပါတယ်၊ နှစ်ပတ်တစ်ခါလောက် ရန်ကုန်ကို ကုန်ဆင်းဝယ်တယ် …

www.burmeseclassic.com

www.burmeseclassic.com

သွားလည်း ရထားနဲ့သွားသလို ပြန်တော့လည်း ရထားနဲ့ပြန်တယ် ဆရာ၊ ကျွန်တော်ပြောတာကြားရဲ့လား"

"ကြားတယ် သစ်ဦး၊ ဆရာ စိတ်ဝင်စားပါတယ် ဆက်ပြောပါ"

"ဟုတ်ကဲ့ ဆရာ့အသံမကြားလို့ပါ။ ဒီလိုပါဆရာရယ်၊ တစ်ရက် ရန်ကုန်က ပြန်တော့ တွဲတစ်တွဲလုံးမှာ လူက ဆယ်ယောက်လောက်ပဲရှိတယ်၊ ကျွန်တော်စီးတဲ့ရထားက ရန်ကုန်ကအထွက်ဆို ချောင်တတ်တယ်၊ ကျွန်တော်လည်း ခုံနေရာ ကျယ်ကျယ်ရတော့ လွတ်လွတ်လပ်လပ်မှေးလာတာ၊ လမ်းဘူတာတစ်ခုပြီးတစ်ခု ရထားကဖြတ်လာရင်း မိုးချုပ်လာတယ် …

ကျွန်တော်တို့မြို့ကရထားက သန်းခေါင်လောက်မှဝင်တာဆရာရဲ့"

လိုရင်းကိုမရောက် စကားဝေ့နေသည့် သစ်ဦးတစ်ယောက် သူ့အတွေ့အကြုံကို စေ့စေ့စုံစုံရှင်းနေသည်။

"ဘူတာတစ်ခုအထွက်မှာ ဖျတ်ခနဲ ကျွန်တော်လန့်နိုးသွားတော့ ကျွန်တော့်ရှေ့လူနှစ်ယောက်တွဲထိုင်ခုံမှာ ကောင်မလေးတစ်ယောက် ကျွန်တော့်ကို ပြုံးကြည့်နေတယ်၊ ရုတ်တရက်လန့်သွားပေမယ့် ခင်မင်လိုတဲ့ ကောင်မလေးပုံစံကြောင့် ကျွန်တော်နဲ့ခင်သွားတယ်၊ ဘယ်လိုကြောင့်လဲမသိဘူးဆရာ ကောင်မလေး စကားပြောပုံအမူအရာတွေကို ကျွန်တော် အရမ်းစိတ်ဝင်စားသွားတယ်၊ ပွင့်ပွင့်လင်းလင်းပြောရရင် စွဲလမ်းသွားတယ်ဆရာရယ် …

ကောင်မလေးက နာမည်နဲ့ သူနေတဲ့မြို့လိပ်စာပေးသွားတယ်၊ ကျွန်တော် မြို့ရောက်ပြီး ကောင်မလေးကို သတိရနေတယ်၊ သူ့ပုံကို မျက်လုံးထဲက မထွက်ဘူး။ ကောင်မလေးနေတဲ့မြို့ကလည်း ကျွန်တော်နေတဲ့မြို့နဲ့ကအဝေးကြီးမဟုတ်တော့ သုံးရက်လောက်နေတော့ လိုက်သွားတာ"



"တွေ့လား သစ်ဦး"

"ကောင်မလေး ပေးခဲ့တဲ့လိပ်စာက သင်္ချိုင်းဖြစ်နေတယ်၊ အဲဒီ သင်္ချိုင်းထဲမှာ အုတ်ဂူဖြူဖြူလေးတစ်လုံးက အပင်ကြီးတစ်ပင်အောက်မှာ သီးခြားရှိနေတာနဲ့ သွားကြည့်လိုက်တော့ ကောင်မလေးနာမည်ဖြစ်နေတယ်"

"ဟင် … အဟုတ်လား"

"အဟုတ်ပါ ဆရာရယ်၊ ကျွန်တော် မလိမ်ပါဘူး ရန်ကုန်မှာ ဈေးလာဝယ်ပြီးပြန်တိုင်း ရထားပေါ်မှာ ကောင်မလေးကို အမြဲရှာပါတယ်၊ ကျွန်တော့်ကို အဖြေပေးပါလားဆရာ၊ ကျွန်တော်တွေ့ခဲ့တာ ဝိညာဉ်လား လူအစစ်လားလို့"

သစ်ဦးရဲ့ လေသံတွေက ဆို့နစ်နေသည်။ ကျွန်တော်က -

"သစ်ဦးတွေ့ခဲ့တဲ့ ကောင်မလေးနဲ့ သစ်ဦးရထားပေါ်မှာတွေ့ခဲ့တာဆိုရင် ကံတရားတစ်ခုကြောင့် တွေ့ခွင့်ရခဲ့တာပါ … ဆရာ့အထင် သာမန်လူတစ်ယောက်ဟာ နာမည်နဲ့လိပ်စာကို သင်္ချိုင်းနဲ့အုတ်ဂူကနာမည်မပေးပါဘူး"

"ဟင် … ဒါ … ဒါဆို"

"သစ်ဦးပြောသလို ထူးထူးဆန်းဆန်းတွေ့ခဲ့တယ်လို့ပဲ သဘောထားပြီး မေ့လိုက်ပါ … ဒါပဲ သစ်ဦး"

ကျွန်တော်မှ ဖုန်းချလိုက်သည်။


တစ်ခါတစ်ရံ လောက၌ ထိုသို့ဆုံတွေ့ခဲ့သူတွေရှိခဲ့ပါသည်ဆိုရင် … ဘယ်သူတွေ ယုံကြမလဲ …

ကျွန်တော်ကတော့ ယုံပါသည် လို့ …

www.burmeseclassic.com

www.burmeseclassic.com





ရန်ကုန်မိုးက ဒီနှစ် နောက်ကျနေသည်။ အပူလွန်ရာသီကို နေရာကျယ်ကျယ်ပေးထားသော သောကတွေနဲ့ ပူရတဲ့အထဲ နွေအပူနဲ့ထပ်ပေါင်းတော့ လှိမ့်နေအောင် ခံပေါ့ …

မိုးရိပ်တွေတက်လာတော့ အပူတွေ ငြိမ်းတော့မယ်ပေါ့ … စမယ့်စတော့လည်း မိုးက စိမ့်နေအောင်ရွာ၏။

"တူ … တူ … "

မျှော်ရတဲ့မိုးရဲ့အရသာအေးအေးကို ခံစားလုပ်မယ် ကြံတုန်းရှိသေးတယ် ဖုန်းက ထမြည်နေသည်။

"ဟဲလို"

"ဆရာ ဗွားလောက်ကြီးဆိုတာလား"

တစ်ဖက်ကအသံရှင်က … အသက်ငါးဆယ်ဝန်းကျင်လောက်ရှိမည်ထင်ရသည့် အမျိုးသမီးကြီးတစ်ဦး …



"ဟုတ်ပါတယ် … အဒေါ် ဘာများပြောစရာရှိလို့လဲခင်ဗျာ"

"ပြောစရာရှိတာတွေကတော့ အများကြီးပဲ၊ မင်းရေးတဲ့ စာအုပ်တွေ ဖတ်ပြီး ငါ့အိမ်က ကလေးတွေ ဟိုမသွားရဲ ဒီမသွားရဲ ဖြစ်ကုန်ကြပြီ"

"ဗျာ … "

"ဗျာလုပ်မနေနဲ့ မင်းဝမ်းစာအတွက် စာရေးတာတော့ ရေးတာပဲပေါ့၊ ကြောက်အောင် လန့်အောင် လျှောက်ရေးတော့ ကလေးတွေရဲ့စိတ်ကို သတ်သလို ဖြစ်နေတယ်"

တစ်ဖက်အသံရှင် အဒေါ်ကြီးက ကျွန်တော့်ကို အားရပါးရ ရန်တွေ့နေသည်။

"ကျွန်တော်က ဇာတ်လမ်းရေးတာပါ အဒေါ်ရယ် … ကလေးတွေ အထိတ်တလန့်ဖြစ်တယ်ဆို တောင်းပန်ပါတယ်"

"မင်းစာအုပ်တွေ ငါဖတ်ပူးပါတယ်၊ သရဲစာအုပ်ရေးမယ့်အစား တခြားအချစ်တို့ အိမ်ထောင်ရေးဇာတ်လမ်းတို့ရေးပါလား"

"ဗျာ"

"ဗျာမနေနဲ့ သရဲဝတ္ထုဆိုတာ ရေးတိုင်းကောင်းတာ မဟုတ်ဘူး"

"ဘာလို့လဲ ခင်ဗျာ"

ကျွန်တော်မှ အမှန်တကယ် သိလိုတာကြောင့် တရိုတသေမေးလိုက်၏။

"ဟဲ့ … သရဲတွေက သူတို့အကြောင်း မင်းလျှောက်ရေးတာ ကြိုက်မလား၊ မင်းအကြောင်း သူများတွေ လျှောက်ရေးရင် မင်းကြိုက်မလား စဉ်းစားကြည့်လေ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ် … ဟုတ်ကဲ့"

"အေး … ဒါပဲ နောက်တစ်ခါ သရဲအကြောင်းမရေးနဲ့"

ပြော၍ ဖုန်းချသွားသည်။


ထိုအခေါ်ကြီးပြောတဲ့စကားတွေ ကျွန်တော့်နားထဲ အကြိမ်ကြိမ် ကြားနေရဆဲ …

ဘာတဲ့ …

"သရဲတွေက သူတို့အကြောင်းရေးရင် ကြိုက်မလား" တဲ့ ကျွန်တော့်အတော့်ကိုခေါင်းစား အဖြေရှာရမည့် ပြဿနာတစ်ခု ဖြစ်လေသည်။







"တူ … တူ"

"ဟဲလို … "

"ဆရာ ဖွားလောက်ကြီးနဲ့ စကားပြောပါရစေ … "

စကားသံက တကယ့်ကို တိုးတိုးညင်ညင်သာသာလေး ပြီးတော့ ကောင်မလေးတစ်ယောက်ရဲ့အသံ …

"ဟုတ်ကဲ့ ကျွန်တော် ဖွားလောက်ကြီးပါ"

"ဆရာ သမီးက သန့်ပင်မြို့ကပါ ပဲခူးအရှေ့ဘက်ကလေ"

"သိတယ် … သိတယ် … ပြောပါ"

"သမီးနာမည် ခင်သိမ့်သူပါ၊ သမီး ဆရာ့ကိုမေးစရာရှိလို့"

"ဝေခင်တော့မမေးနဲ့နော် ဆရာက ဝေခင်မတွက်တတ်ဘူး"

ကျွန်တော်မှ ခပ်နောက်နောက်ပြောလိုက်ရာ တစ်ဖက်အသံရှင် ခင်သိမ့်သူက …

"ဝေခင်မဟုတ်ပါဘူး ပုတ်ဝင်တယ်ဆိုတာ တကယ်လား ဆရာ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် … ဆရာကိုယ်တိုင် ကြုံခဲ့ဖူးပါတယ်"

"ဖုတ်ဝင်နေတာကို ပြန်မထွက်အောင် ဘယ်လိုလုပ်ရမလဲဆရာ"

"ဟင်"

ကျွန်တော် ဘယ်လိုပြေရမလဲ ဖုတ်သရဲကပ်တဲ့အခါ ထုတ်ရန်အတွက် ဆရာတွေကို အကူအညီတောင်းတတ်ကြသည်။ အခုတော့ …

"သရဲ တစ္ဆေ ဖုတ် ဆိုတာ နာနာဘာဝလောကသားတွေလေ ခင်သိမ့်သူ"

"သမီး သိပါတယ်"

"သိရင် ဘာလို့ ဖုတ်မထွက်စေချင်ရတာလဲ"

"ဒီလိုပါ ဆရာရယ် … သမီးတို့သားအမိက သမီးငယ်ငယ် အဖေ ဆုံးပြီးထဲက အတူနေလာကြတာပါ။ တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ပါတယ်၊ အမေက မုန့်ဖုတ်ရောင်းရင်း သမီးကို ဘွဲ့ရအောင်သင်ပေးခဲ့တယ် …

ပြီးခဲ့တဲ့နှစ်က အမေ ဆီးချိုရောဂါနဲ့ ဘာအလုပ်မှမလုပ်နိုင်ဘဲ အိပ်ရာထဲလဲတော့တယ်၊ သမီးလည်း တတ်နိုင်သမျှ ကုပါတယ်၊ နောက်ဆုံး စားသောက်ဆိုင်မှာ သီချင်းဆိုတဲ့အလုပ်ဝင်လုပ်ပြီး ရတဲ့ပိုက်ဆံနဲ့အမေ့ကိုကုတာ"

"သက်သာလာလား"

"မသက်သာပါဘူး ဆရာ … ဟိုးတစ်ရက်ထဲက အမေ့အခြေအနေ အတော်ဆိုးရာက ရုတ်တရက် ကျန်းမာလာသလိုလိုနဲ့ အစားတွေ မတရားစားတယ် … အိပ်ရာကတော့မထဘူး …

အနီးဝန်းကျင်က လူတွေပြောတော့ ဖုတ်ဝင်တာတဲ့ … ဆရာခေါ်ပြီး



ထုတ်လိုက်လို့ပြောတယ်၊ သမီး မထုတ်ရက်ဘူးဆရာ၊ အမေ မဟုတ်ဘဲ တခြားတစ်ကောင်ကောင်ကပ်နေလည်း အမေ့ရဲ့ပုံကို သမီးမြင်နေရတယ်၊ သမီးကျေနပ်တယ်၊ ဖုတ်ဝင်နေတာတောင် ကျေးဇူးတင်နေရတယ် …

ဖုတ်သာထွက်သွားရင် အမေ့ကို သင်္ဂြိုဟ်ရတော့မှာမလား"

"ဟင်း"

ခင်သိမ့်သူရဲ့စကားကြောင့် ကျွန်တော် သက်ပြင်းချလိုက်သည်။

"ခင်သိမ့်သူအတွေးတွေ အစွန်းမရောက်ပါစေနဲ့ သားနဲ့အမိ အမိနဲ့သား ဆို ဒီလိုပါပဲ၊ သံယောဇဉ်ကြီးတတ်ကြပေမယ့် အလုပ်သင့်သုံးအလုပ်ကို လုပ်တတ်ဖို့လိုတယ်၊ ရှင်သူကဘာမှမဖြစ်ပေမယ့် သေသူကတော့ ဒုက္ခရောက်တတ်တယ်၊ သူ့အလောင်းလည်း မြေမကျ ရှင်သူတွေပေးတဲ့အမျှမရရင် ဗိုဒ္ဓမရောက်ဘူး လား စဉ်းစားပါ"

"ဟင့် … ဟင့် …"


ခင်သိမ့်သူရဲ့ ရှိုက်သံတွေက တစ်ဖက်ပုန်းမှနေ၍ ကျွန်တော့်ထံ လာရိုက်ခတ်နေလေတော့သည်။

၉၉၉

www.burmeseclassic.com

www.burmeseclassic.com



"တူ ... တူ ... "

ဖုန်းသံက အဆက်မပြတ်ကို မြည်နေ၏။ ကျွန်တော့်မှာလည်း လုပ်လက်စ အလုပ်တွေ တန်းလန်းနှင့်ဆိုတော့ ဖုန်းကို ချက်ချင်းမကိုင်မိ ...

"တူ ... တူ"

ဖုန်းက ဆက်မြည်နေပြန်သည်။ ထို့ကြောင့် ဖုန်းကို ကောက်ကိုင်လိုက်၏။

"ဟဲလို ... "

"ဖွားလောက်ကြီးလား"

"ဟုတ်ပါတယ် ... "

တစ်ဖက်ဖုန်းမှ လေသံမာမာနှင့် ...

"ဖွားလောက်ကြီး ခင်ဗျားဆဲ ပရိသတ်နဲ့စကားအပြန်အလှန်ပြောဖို့ ဖုန်းကဗျာ ဖွင့်ထားတယ်မလား၊ ဘာလို့ ဖုန်းကို ချက်ချင်းမကိုင်တာလဲ"

"ဟို ... အလုပ်က တန်းလန်းနဲ့မို့ပါ"

"အလုပ်များတာတော့ များတာပေါ့ဗျာ ... ပရိသတ်ကို လေးစားရမှာပေါ့"

"ဟုတ်ကဲ့ တောင်းပန်ပါတယ်"

ကျွန်တော်မှ တောင်းပန်လိုက်ရာ တစ်ဖက်အသံရှင်ရဲ့အသံက ပျော့လာပြီး ...

"ကျုပ်က အညာသားဗျ၊ ခင်ဗျားရေးတဲ့စာအုပ်တွေကို မိတ္ထီလာဘက် ဈေးဝယ်ရင်း အသိတစ်ယောက်ဆိုင်မှာ ဖတ်ခဲ့တာ၊ ပွင့်ပွင့်လင်းလင်းပြောရရင် မဆိုးဘူး၊ ဇာတ်ကကောင်းတယ်၊ သရုပ်နဲ့ လူ့သဘာဝဆက်စပ်ပုံကလည်း ကောင်းတယ်ဗျာ"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

"ကျုပ် ခင်ဗျားကို ပြောစရာရှိလို့ဆက်တာ"

"ဟိုလေ ခုနပြောတယ်မလား"

"ဆက်ပြောမှာ"

လေသံကမာတင်းနေ၏။ ဦးအညာသားက စိတ်တိုပုံရသည်။

"ပြောပါ ခင်ဗျာ"

"ကျုပ်တို့ ရွာနားမှာ ကျတ်ကုန်းဆိုတာရှိတယ်၊ သရဲခြောက်တာတော့ နင်ဘာလဲ ငါဘာလဲဆိုတာပဲ၊ ခင်ဗျားက သရဲဝတ္ထုရေးတာဆိုတော့ လာခဲ့ပါလား"

"ဟုတ်ကဲ့ ကြိုးစားပါ့မယ်"

"ကြိုးစားမယ် မလုပ်လာဖြစ်အောင်လာ ခင်ဗျားအတွက် ဇာတ်လမ်းကျိန်းသေရမှာ ကျုပ်နာမည် ကိုသန်း ... မကျီးကန်ရွာ မိတ္ထီလာပိုင်ပဲ၊ မိတ္ထီလာရောက်ရင်မေးလိုက်ရတယ် ... "


"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ"

ကျွန်တော်မှ ဖုန်းချလိုက်သည်။ တချို့သော ကျွန်တော့်စာဖတ်ပရိသတ်များဟာ စေတနာများစွာနှင့် တကူးတက ဖိတ်ကြားကြသော်လည်း အကြောင်းကြောင်းကြောင့် မသွားရောက်နိုင်သေးတဲ့အတွက် ဖိတ်ခေါ်သူများကို လွန်စွာအားနာလျက်ရှိပါကြောင်း ရှိသေစွာ အသိပေးလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"တူ ... တူ"

ကျွန်တော် ဂျာနယ်တစ်စောင်ဖတ်နေစဉ် ဖုန်းသံကြားရသဖြင့် ကောက်ကိုင်လိုက်ရာ ...

"ဖွားလောက်ကြီးနဲ့ စကားပြောချင်လို့ပါ"

"ဟုတ်ကဲ့ ဖွားလောက်ကြီးပါ"

တစ်ဖက်အသံရှင်က အမျိုးသမီးတစ်ဦး ...

"ဆရာ ကျွန်မနာမည် မြင့်မြင့်ရီပါ ... စစ်ကိုင်းမြို့ကလေ"

"ဟုတ်ကဲ့ မမြင့်မြင့်ရီ ပြောပါ ခင်ဗျာ"

"ကျွန်မ ဆရာ့စာအုပ်တွေကို အရမ်းကြိုက်ပါတယ်၊ အကြိုက်ဆုံးစာအုပ်က ဝိဉာဉ်တို့၏အဖြူရောင်သတို့သမီး စာအုပ်ပါပဲ"

"ဟုတ်ကဲ့ ... "

"ဆရာ နေချိုဆိုတဲ့ တစ္ဆေမလေးအဖြစ်က ကြေကွဲစရာလည်းကောင်းတယ်၊ သနားစရာလည်းကောင်းတယ်နော် ... ဆရာက ကိုယ်ပိုင်စိတ်ကူးနဲ့ ပုံဖော်ထားတဲ့ အဖြူရောင်သတို့သမီးလေးကို ကျွန်မ မျက်လုံးထဲ တကယ်ကို မြင်နေရသလိုပဲ"

"ကျေးဇူးတင်ပါတယ်"

"ကျွန်မအဖြစ်က နေချိုလိုပါပဲ ဆရာ"

"ဗျာ ... "

နေချိုလိုပဲဆိုတော့ အခုဖုန်းဆက်တဲ့အမျိုးသမီးက ဝိဉာဉ်ပဲလားလို့ တွေးမိတော့ မမြင့်မြင့်ရီက သဘောပေါက်လို့လားမသိ။

"ခစ် ... ခစ် ... ဆရာရယ် နေချိုလိုဆိုတော့ ကျွန်မ ဝိဉာဉ်မဖြစ်သေးပါဘူး၊ နေချို သိပ်ချစ်တဲ့ ကိုကို့ကို ချစ်သလို ချစ်ရမယ့်လူရှိနေတယ်လို့ပြောတာပါ"

"ဪ ... အဲလိုလား အဲလိုဆို အဆင်ပြေရင် လက်ထပ်လိုက်ပေါ့"

"ဟင့်အင်း လက်ထပ်လို့မဖြစ်ပါဘူး ဆရာရယ် ... သူက နိုင်ငံခြားမှာ အလုပ်လုပ်နေတာလေ"

"ဟုတ်ကဲ့"

"ဆရာ့ဇာတ်လမ်းလေးတွေက ဖတ်လို့လည်းကောင်း၊ သနားစရာရသဇာတ်လမ်းလေးတွေမို့ ကျွန်မ အမြဲအားပေးနေမယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"

စကားလည်းပြတ်သွားပြီဖြစ်တာကြောင့် ကျွန်တော်လည်း ဖုန်းကို ချလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


နှုတ်သမိုင်းအကြောင်း မဟုတ်ပါ...

စာရေးဆရာမ

**ကဝေယုနီ** ဟာဝရမေဗွားရှင်(သို့မဟုတ်)နွားမနုံကျိုးမယ်တော်

- အမေနှင့် ပတ်သက်သူတစ်ယောက်ရဲ့အခ . . . ?
- ဒေါ်ခင်မိုးကတို့ခါးပြတိုက်ခံရတော့ . . . ?
- ဓိုက်ပွင့်သောနေတဲ့အဆောင်းသုံးဆောင်းက . . . ?
- အနက်ရောင်ဝတ်စုံလေးနဲ့ ကလေးလာမွေးပေးတာက . . . ?
- အဲလိုပုံစံနဲ့ဝမ်းဆွဲသည် ဒီရွာမှာတစ်ပိုက်မှာ မရှိဘူးဆိုတော့ . . . ?
- ငယ်ငယ်တည်းကလှချင်လာတာ ဘယ်လိုဆုံးမ ဆုံးမ . . . ?
- နက်မကြီးအဆောင်းကို ဘယ်လိုလုပ်ရမလဲ . . . ?
- ကန္တာရးခါးဆိုတာက . . . ?
- အမေကျွဲနတ်ကမယ်ဆိုတော့ . . . ?
- ကျွဲတွေကြားမှာ အနီးထုပ်လေးနဲ့ ကလေးအား . . . ?
- ကျွန်မသားလို့ပြောတော့ . . . ?
- အမေကျွဲနတ်ဆိုတာ . . . ?
- ပညာပြိုင်ပွဲမှာဘယ်သူနိုင်လဲ . . . ?
- ကုလားလန်ဘား ဘာဖြစ်သွားလဲ . . . ?
- လက်ထပ်ပွဲမခေါ်တဲ့သားအတွက် ရင်နွဲပြလိုက်တာက . . . ?

**ကိုယ်ဝန်ဆောင်စဉ်ကတည်းက ကျွဲနက်ကြီးက စောင့်ရှောက်ပြီး ကန္တာရးစီးဘဝ ရောက်တော့လည်း ကောက်ရတဲ့ ကလေးငယ်ကို ဆရာဝန်ဖြစ်တဲ့အထိ ပြုစုပျိုးထောင်ပေးရင်း အသက်သေသွားရှာတဲ့ ကန္တာရးစီးမောင်မောင်ကျော်အကြောင်း စေသည်စေသည် အခေါ်စာသားများရဲ့ အဓိပ္ပာယ်များနှင့်အတူ**

**မကြာမီထွက်တော့မည်**


## ပါဝင်သောအခန်းများ

**"အစ"**


| | | |
|---|---|---|
| အခန်း | ၁။ | အအေးတိုက်ထဲကအလောင်း |
| အခန်း | ၂။ | သန်းခေါင်ညက ရယ်မောသံ |
| အခန်း | ၃။ | ပန်းချီကားထဲကတစ္ဆေ |
| အခန်း | ၄။ | အိမ်ပြန်လာတယ် |
| အခန်း | ၅။ | လိပ်ပြာအလွဲ |
| အခန်း | ၆။ | ခန္ဓာလာတောင်းတဲ့ည |
| အခန်း | ၇။ | တရားမနာချင်သူ |
| အခန်း | ၈။ | ဝိညာဉ်ခံရတဲ့အမှုဝေသံ |
| အခန်း | ၉။ | နှုတ်ဆက်လိမ့်မယ် |
| အခန်း | ၁၀။ | လိပ်ပြာပို့တဲ့ညနေ |
| အခန်း | ၁၁။ | သန်းခေါင်ညနှုတ်ဆက်မယ် |
| အခန်း | ၁၂။ | ပြန်လာမှာပါ |
| အခန်း | ၁၃။ | ချောက်ချားစရာညက အရိပ်တွေ |
| အခန်း | ၁၄။ | လိပ်ပြာရှာသူတို့ခရီး |
| အခန်း | ၁၅။ | မေမေ့ကိုတွေ့တယ် |


**အဆုံး**

**နိဂုံး**

www.burmeseclassic.com

www.burmeseclassic.com

## ၃၀

သချိုင်းအအေးခန်းထဲတွင် အလောင်းတို့စီတန်းကာထားသလို အေးစိမ့်နေသည့်အအေးပေးထားမှုကြောင့် အလောင်းတို့မှာ တင်းတင်းတောင့်တောင့် ဖြစ်နေသည်။

အခန်းကလည်း ပေနှစ်ဆယ်ပတ်လည်အခန်းအလောင်းများကို ခုတင်ပေါ် အစီအရီကိုတင်လို့ထား၏။

အအေးတိုက်၏ မီးရောင်ကလည်း မှိန်မှိန်နှင့်ဖြစ်နေသလို ညဥ့်နက်လာတော့ တာဝန်ကျအအေးတိုက်အစောင့်က ကုလားထိုင်မှာ အိပ်ပျော်လို့ပင် နေလေသည်။

"အူး ... ဝူး ... "

သချိုင်းထဲရှိအုတ်ဂူတွေကြားက ခွေးတစ်ကောင်က စတင်၍အူလိုက်သည်နှင့် တခြားခွေးများကလည်း လိုက်လံ၍အူလိုက်ရာ သချိုင်းတစ်ခုလုံး ဆူညံလို့သွားသည်။



"ရှဲ ... "

ကြီးမားလှသည့် ညှောင်ပင်ကြီးရဲ့ လှုပ်ခါကာ လေတိုက်လိုက်သည့်အသံက ကျယ်လောင်စွာထွက်ပေါ်လို့လာသည်။ အအေးခန်း၏ဘေး သင်္ဂြိုဟ်စက်၏ဘေး သင်္ဂြိုဟ်စက်၏ခေါင်းတိုင်မှာအဝေးမှကြည့်လျှင် တစ္ဆေတစ်ကောင်ငုတ်တုတ်ထိုင်နေသလိုဖြစ်နေ၏။

အအေးတိုက်မှ သင်္ဂြိုဟ်စက်သို့သွားရာ ကြွန်လမ်းတွင်အလင်းအားနည်းလှသည့် မီးလုံးကိုထွန်းထားသည်။ ထိုစဉ် ...

"ကျွီ ... "

အအေးတိုက်မှန်တံခါးပွင့်လာသည်။ အဝင်းတံခါးဘေးတွင် ကုလားထိုင်ဖြင့်ထိုင်နေသည့် အစောင့်ကမသိ နှစ်နှစ်ခြိုက်ခြိုက်ကို အိပ်မောကျနေသည်။

"ရှပ် ... ရှပ် ... "

အအေးတိုက်မှထွက်လာသည့် အရိပ်ကြီးကခြေတစ်လှမ်းချင်းလှမ်းကာ သင်္ဂြိုဟ်စက်သွားရာ ကြွန်လမ်းအတိုင်းလျှောက်၍သွားသည်။ သင်္ဂြိုဟ်စက်ရှေ့သို့ရောက်သောအခါ ဆက်မသွားပဲမတ်တတ်ရပ်ကာ အဝင်သံတံခါးမကြီးကိုကြည့်၍ လှပစွာပြုံးလိုက်၏။

"အူ ... ဝူး ... "

ခွေးတစ်ကောင်က ဆွဲဆွဲငင်ငင်အူလိုက်ပြန်ရာ ကျန်ခွေးများကပါလိုက်၍အူသဖြင့် သချိုင်းတစ်ခုလုံးခွေးအူသံတို့ဖြင့် ဆူညံသွားပြန်သည်။

အရိပ်ကြီးကတော့ ခွေးအူသံဟာသူ့အတွက်သာယာသော ဂီတသံ စိတ်ထဲထင်၍နေလာမသိ တုန်လှုပ်ခြင်း ကြောက်ရွံ့ခြင်းမရှိ ...

www.burmeseclassic.com

www.burmeseclassic.com



သူ့ဇာနီရဲ စူးရှနေသောမျက်လုံးများက သံတံခါးကိုစိုက်ကြည့်၍ မှတ်တရက်အားရပါရ ရယ်လိုက်လေရာ သချိုင်းတစ်ခုလုံး ပုံးလွှမ်းသွားတော့သည်။

"ဟား ... ဟား ... ဟား"



အအေးတိုက်ထဲက
အလောင်းပျောက်သွားတာ
ဆိုတော့
နာရေးလာခဲ့သူတွေ
လာရင် ---

အခန်း (၁)

## အအေးတိုက်ထဲကအလောင်း

www.burmeseclassic.com

www.burmeseclassic.com

"ဟင် ... ဘယ်လို ... ခင်ဗျား ဘယ်လိုပြောလိုက်တာ
လဲ ... "

သချိုင်းအုပ်ချုပ်ရေးမှူး ရုံးခန်းထဲရှိ စားပွဲရှေ့တွင်ထိုင်နေသော
အာကာထက် မယုံနိုင်လောက်အောင် အံ့ဩလို့သွားသည်။

"ဟုတ်တယ်ဗျာ ... ခင်ဗျား အမျိုးသမီးရဲ့အလောင်း အအေးခန်းမှ
ထားရင်းပျောက်သွားတယ် ... "

"အမိပွါယ်မရှိတာ သေနေတဲ့အလောင်းကို ဘယ်သူခိုးမှာလဲ ...

အာကာထက်က ဒေါသသံပါစွာဖြင့်မေးလိုက်ရာ တာဝန်ရှိသည်
သချိုင်းအုပ်ချုပ်ရေးမှူးက ...

"ကျွန်တော်လည်းအဖြေရှာနေပါတယ် အဲဒီညကတာဝန်ကျတဲ့
ဝန်ထမ်းကိုလည်းအရေးယူထားပါတယ် သက်ဆိုင်ရာကိုလည်း အကြောင်း
ကြား အဲမှုဖွင့်ထားတယ် ... "

"ပြဿနာပဲဗျာ ... "





အာကာထက် စားပွဲကိုစိုက်ကြည့်လျက် စိတ်ပျက်စွာငြီးလိုက်သည်။

"ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူး ဒီမှာလည်းတစ်ခါမှ
အဲဒီလိုမဖြစ်ဖူးဘူး အလောင်းပြန်တွေ့အောင်တော့ အစွမ်းကုန်ကြိုးစားပါ့
မယ်"

"ပြဿနာက အခုစတက်မှာ အခုနေ့လည်းအလောင်းသင်္ဂြိုဟ်ဖို့
လူတွေရောက်လာတော့မယ်လေ ... ကျွန်တော်ဘယ်လိုရှင်းမလဲ ...
ပြီးတော့ ... သစ္စာဖြူမိဘတွေကို ကျွန်တော် ဘယ်လိုရှင်းပြရ
မလဲ"

သချိုင်းအုပ်ချုပ်ရေးမှူးက မျက်နှာမကောင်းစွာနှင့် ...

"ကာယကံရှင် ဘယ်လိုခံစားရမယ်ဆိုတာ ကျွန်တော် ကိုယ်ချင်း
စာပါတယ် ... အခုအခြေအနေက ဘာပြောရမှန်းကိုမသိတာ ... "

ပြောတော့ အာကာထက်သေးတွင်ထိုင်၍တစ်ချိန်လုံး ဘာမှမပြော
သည့် မျိုးအောင်ကဝင်၍ ...

"အာကာ ... အခုချိန်မှာ ဒီကအစ်ကို့ကို အပြစ်တင်နေလို့ အပိုပဲ
အချိန်ရှိတုန်း တို့တွေစဉ်းစားရအောင်"

"ဟုတ်ပါတယ်ဗျာ ... လိုအပ်တဲ့အကူအညီလိုရင်ပြောပါ ကူညီပါ့
မယ်"

"ရတယ် ခင်ဗျားတို့သာ အလောင်းကိုတွေ့အောင်ရှာပြီးရင်
ကျွန်တော့်ကိုအကြောင်းကြား"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... "

သချိုင်းအုပ်ချုပ်ရေးမှူးကခေါင်းညိတ်တော့ အာကာထက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မျိုးအောင်လည်း ထိုင်နေရာမှထပြီး အပြင်သို့ထွက်လာသည်။

"မျိုးအောင် ... အစိပ္ပါယ်မရှိတာကွာ သူတို့ ငါ့မိန်းမအလောင်းကို တစ်ခုခုကြောင့်ထုတ်မပေးတာလား ... "

"အဓိပ္ပါယ်မရှိတာ အာကာရယ် ... အအေးတိုက်ထဲက အလောင်းကို သူတို့ကဘာလုပ်လို့ရမလဲ ... ဒီနေ့သင်္ဂြိုဟ်မှာ သူတို့ သိနေတာပဲ ... တကယ်ပျောက်သွားလို့နေမှာပါ နာရေးလာပို့သူတွေကို ဘယ်လိုပြောမလဲ ဒါပဲစဉ်းစားရအောင်"

မျိုးအောင်ပြောတော့ အာကာထက်ငြိမ်၍သွားသည်။ နှစ်ယောက်သား လမ်းလျှောက်လာကြရင်း သချိုင်းအပြင်ဘက် အအေးဆိုင်နားရောက်တော့ ထိုင်လိုက်သည်။

"ဘာသောက်ကြမလဲ အစ်ကိုတို့ ... "

ဆိုင်ရှင်ကောင်လေးကမေးတော့ မျိုးအောင်က ...

"ပါဝါနှစ်လုံးလုပ်ကွာ ... "

"ဟုတ်ကဲ့ ... "

ကောင်လေးက အအေးနှစ်လုံးလာချပေးတော့ အာကာထက်က တစ်ငုံသောက်လိုက်ပြီး ...

"ငါ့သမီးလေးကို သူ့အမေအလောင်းနောက်ဆုံးအနေနဲ့ မြင်ပူးစေချင်တာ ... "

ဆို့ဆို့နင့်နင့်ပြောတော့ မျိုးအောင်က စိတ်မကောင်းစွာဖြင့် ...

"အေးကွာ ... ဘယ်တတ်နိုင်မလဲ မင်းယောက္ခမတွေလည်း သူတို့သမီးကိုတွေ့ချင်ရှာမှာပေါ့"





"နာရေးလာပို့သူတွေကို ဘယ်လိုရှင်းမလဲ စဉ်းစားစမ်း မျိုးအောင် ငါက ပူတူနေပြီ ... "

"အေးပါကွာ ... "

ကာယကံရှင် အာကာထက်ရဲ့ခံစားမှုကို မျိုးအောင်နားလည်သည်။ အာကာထက်က သေဆုံးသူဇနီး သစ္စာဖြူကိုအလွန်ချစ်သလို သစ္စာဖြူကလည်း အာကာထက်ကိုအလွန်ချစ်၏။

သူတို့တွင်လည်း လေးနှစ်အရွယ်အလွန်ချစ်စရာကောင်းသည့် သဏ္ဍာန်သင်းဆိုသော သမီးလေးတစ်ယောက်ရှိသည်။

အာကာထက်က ဆောက်လုပ်ရေးကုမ္ပဏီမှာ အကြီးစား အင်ဂျင်နီယာတစ်ယောက်ဖြစ်သလို သစ္စာဖြူကတော့ Coffee Shop ဆိုင်လေးကိုအိမ်မှာဖွင့်ထားသည်။

ယောက်ျားပီသစွာချော‌မောသည့် အာကာထက်နှင့် အပြစ်ဆိုဖွယ်ရာမရှိအောင်လှပသည့် သစ္စာဖြူတို့ရှေ့သွားနောက်လိုက်ညီသလို မြင်သူတကာအားကျသည့် အိမ်ထောင်ရေးကိုပိုင်ဆိုင်ထားကြ၏။

သူတို့မှာ သမီးလေးရလာတော့ မိသားစုဘဝလေးက ပို၍ စိုပြေလာသည်။

မမျှော်လင့်ဘဲ တစ်နေ့မှာ သစ္စာဖြူတစ်ယောက် မြို့ထဲဈေးဝယ်ထွက်ရင်း အပြန်တွင် ကားတစ်စီးနှင့်တိုက်မိရာ ဆေးရုံရောက်ပြီး မကြာမီ သေဆုံးသွား၏။

"ဟော့ကောင် ... မျိုးအောင် အဖြေရပြီလားပြောကွာ ... "

"ဟော ... အေး ... "



www.burmeseclassic.com

www.burmeseclassic.com



အာကာထက်အကြောင်း အတွေးလွန်နေသည့် မျိုးအောင် သတိဝင်လာပြီး ...

"ဒီလိုလုပ်ရင်ကောင်းမလား ... "

"ဘယ်လိုလဲ ... "

"အခေါင်းထဲကို လူတစ်ယောက်ရဲ့အလေးချိန်နဲ့တူတဲ့ ပစ္စည်းထည့်ပြီး အသေပိတ်လိုက် ဘယ်သူ့ကိုမှဖွင့်မပြနဲ့ ခန်းမထဲမှာလည်း အကြာကြီးမထားနဲ့ ချက်ချင်းသင်္ဂြိုဟ်လိုက်"

"ဟေ ... ဖြစ်ပါ့မလား"

"အဲဒီနည်းက လောလောဆည်အကောင်းဆုံးပဲ သုသာန်က လူတွေလည်း ပြောပြရင်ကူညီမှာပါ"

"အေးလေ ... လိုက်ရှင်းပြနေရတာထက် မင်းပြောသလို လုပ်တာပိုကောင်းတာပေါ့ ... "

မျိုးအောင်ပြောတာကို အာကာထက်လည်း လက်ခံလိုက်၏။

"လာ ... တို့တွေ ဟိုရုံးခန်းကလူကိုသွားပြောရအောင်"

"အေး ... "

မျိုးအောင်က အအေးဖိုးရှင်ကာ အာကာထက်နှင့်အတူ သချိုင်းထဲသို့ ပြန်ဝင်လာခဲ့တော့သည်။



"အမလေးသမီးရဲ့ အဖြစ်ဆိုးလှချည်လား လင်ရတာမှတစ်လပဲ ရှိသေးတယ် အခုတော့ ... နင် ချစ်တယ်ဆိုတဲ့ လင်ကိုထားသွားပြီပေါ့ဟဲ့ ... "

အသက်လေးဆယ်ကျော် ငါးဆယ်ဝန်းကျင်ခန့်ရှိသည့် မိန်းမကြီးတစ်ယောက်ရဲ့ အော်ဟစ်ငိုယိုသံကသချိုင်း၏ သင်္ဂြိုဟ်စက်ရှေ့တွင် ဆူညံသွားသည်။

နာရေးလာပို့သူအများစုက နွမ်းလျသည့်အဝတ်အစား နေလောင်ထားသည့်မျက်နှာ ဆံပင်ဖရိုဖရဲနှင့်ပုံစံတွေကိုကြည့်ခြင်းအားဖြင့် နွမ်းပါးသူများဖြစ်မည်ဟု မျိုးအောင်တွေးမိသည်။

သစ္စာဖြူရဲ့နာရေးကိုလာပို့မည့်သူတွေရောက်လာဖို့ အချိန်မကျသေးတာကြောင့် မျိုးအောင်တစ်ယောက်စကြံန်တွင် ဟိုလျှောက် သည်လျှောက်သုပ်နေရင်း အခြားနာရေးလာပို့သူတွေလိုက်ကြည့်မိ၏။

ထိုစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



မျိုးအောင်ဘေးနားသို့ လူတစ်ယောက်မတ်တတ်လာရပ်ပြီး သူ့လိုပဲ ရပ်ကြည့်၍ ...

"ကောင်မလေးက သနားပါတယ်ဗျာ ... ဖရဲသီး လိုက်ရောင်းရင်း ကားတိုက်ခံရတာ လင်ရတာလည်းမကြာသေးဘူး ... "

"သူ့ယောက်ျားက ဘာလုပ်လို့လဲဗျ ... "

မျိုးအောင်က စိတ်ဝင်တစားနှင့်ပြန်မေးလိုက်သည်။

"ဆိုက္ကားနင်းတယ်ဗျ ... ပေပေတေတေပါဗျာ ကောင်မလေးကို တိုက်တဲ့ကားက လမ်းမှာလူတစ်ယောက်ကိုတိုက်ခဲ့သေးတယ် ...

မောင်းပြေးရင်း ရပ်ကွက်လမ်းထဲဝင်လာတော့ ဖရဲသီးရောင်းတဲ့ ကောင်မလေးကို တိုက်မိတာလေ ... "

"ဩော် ... "

"ဂျိမ်း ... "

သဂြိုဟ်စက် သံတံခါးမကြီးပိတ်သံနှင့်အတူ ငိုသံတို့ ဆူညံလို့ သွားသည်။

"ဟီး ... ဟီး ... "

"မိန်းမရေ ... ဟီး ... "

"ဒုံး ... ဒုံး ... "

အသက်နှစ်ဆယ်ဝန်းကျင်ခန့်ရှိသည့် လူငယ်တစ်ဦးက သံတံခါးကြီးကို လက်သီးဆုပ်ဖြင့်ထုကာ အားရပါးရငိုကြွေးသံက တခြားအသံတို့ကို ဖုံးလွှမ်းသွားတော့သည်။



သိပ်ပြောသာမခွဲဘူးဆိုရင်
"အစွဲ" နဲ့အိမ်ကိုလာပြီး - - -

အခန်း (၂)
## သန်းခေါင်ညကရယ်မောသံ

www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေ … မေမေပြန်မလာသေးဘူးလားဟင်"

သမီးလေး သဏ္ဌာန်သင်းရဲ့အမေးကြောင့် အာကာထက် ဘာဖြေ ရမှန်းမသိဖြစ်သွားသည်။ သစ္စာဖြူရဲ့အမေ ဒေါ်မာလာရဲ့ရှိုက်သံက ထွက်ပေါ် လို့လာသည်။

"ဟင့် … "

မျိုးအောင်ကတော့ သမီးလေးစိတ်ပြောင်းစေရန် …

"သမီး … ညနေက ဦးမျိုးဝယ်လာတဲ့ ဝက်ဝံရုပ်လေးကို ကြိုက်ရဲ့ လား"

"ဟင့်အင်း … "

သဏ္ဌာန်သင်းက ခေါင်းခါလိုက်တာကြောင့် . . . မျိုးအောင် က …

"သမီးပဲ ဝက်ဝံမွှေးပွရုပ်လေးလိုချင်တယ်ဆို … "

"သဏ္ဌာန် ဝက်ဝံအရုပ်လေးလည်းမလိုချင်တော့ဘူး"





သဏ္ဌာန်သင်းက မျက်နှာငယ်လေးနှင့် စကားကိုတစ်လုံးချင်း ပြော၏။

"ဘာအရုပ်လိုချင်လဲ ဦးမျိုးဝယ်ပေးမယ် … "

"သဏ္ဌာန် မေမေ့ကိုပဲလိုချင်တယ်"

"ဟင် … "

မျိုးအောင် ဘာဆက်ပြောရမှန်းမသိ အာကာထက်က သဏ္ဌာန်သင်း ပခုံးလေးကိုဖက်လျက် …

"သမီး မေမေက သမီးအတွက်မုန့်တွေသွားဝယ်နေတာ သမီးရဲ့"

"ဘယ်တော့ပြန်လာမှာလဲ ဖေဖေ … "

"ပြန်လာမှာပေါ့ သမီးရယ် … "

ဝေ့တက်လာသည့် မျက်ရည်တို့ကို သမီးလေးမမြင်အောင် ပုတ်ခတ် လိုက်သည်။

ဒေါ်မာလာက အိမ်အနောက်ဘက်သို့လှမ်း၍ …

"မိငြိမ်းရေ မြေးကိုခြံထဲမှာပေးဆော့လိုက်ဦး"

"ဟုတ်ကဲ့ ကြီးမေ … "

အိမ်အကူ မိငြိမ်းက သဏ္ဌာန်သင်းကိုလာခေါ်၍ သူတို့ထိုင်နေသည့် ဧည့်ခန်းထဲမှထွက်သွားသည်။

ဒေါ်မာလာ မျက်ရည်စမ်းစမ်းနှင့် …

"မြေးအတွက် ဘယ်လိုလုပ်ရမှန်းတောင်မသိပါဘူး မောင်မျိုးအောင် ရယ် … "

"အချိန်ကြာလာတော့ မေ့ပျောက်သွားမှာပါ ဒေါ်ဒေါ် မာလာလော



www.burmeseclassic.com

www.burmeseclassic.com



ဆည်တော့ မပြောသေးတာကောင်းမယ် ... ''

''ဟုတ်ပါတယ် မြေးက သူ့အမေကိုတအားချစ်တာလေ ရုတ်တရက်ကြီးအခုလိုခွဲလိုက်ရတော့ သူနေတတ်မှာမဟုတ်ဘူး''

ဒေါ်မာလာပြောတော့ မျိုးအောင်လည်း သဏ္ဍာန်သင်းအတွက် စိတ်မကောင်းဖြစ်မိသည်။

အာကာထက်နှင့် မျိုးအောင်ကကျောင်းထဲကသူငယ်ချင်းတွေ တစ်ယောက်နှင့်တစ်ယောက် အလွန်သံယောဇဉ်ကြီးကြသလို ညီအစ်ကို အရင်းလိုချစ်ကြ၏။

အာကာထက်က သစ္စာဖြူနှင့်အိမ်ထောင်ကျတော့ မျိုးအောင်က မြို့ထဲရှိ ကွန်ဒိုတိုက်ခန်းကိုပြောင်းနေခဲ့သည်။ အာကာထက်မိဘများက အာကာထက် ကျောင်းပြီးတည်းက နိုင်ငံခြားသို့အပြီးထွက်သွားသဖြင့် မျိုးအောင်နှင့်နှစ်ယောက်ထဲ ဒီအိမ်ကြီးမှာနေခဲ့ကြသည်။

သစ္စာဖြူဆုံးတော့ မျိုးအောင်က အာကာထက်ကိုယ်စား နာရေးအတွက် အစစအရာရာစီစဉ်ပေးသည်။ ဒီနေ့ဆိုလျှင် သစ္စာဖြူကို သဂြိုဟ်တဲ့နေ့ဖြစ်တာကြောင့် အားလုံးပင်ပန်းနေပေမယ့် သောကအပူကြောင့် အနားမယူနိုင်သေးပဲ ဖြစ်နေ၏။

''အမေလည်း သမီးရက်လည်ပြီးရင် ရွာသစ်ကိုပဲပြန်တော့မယ် စဉ်းစားထားတယ်''

''ကျွန်တော်တို့နဲ့အတူနေပါ အမေရယ် ... မျိုးအောင်လည်း ဒီမှာပြန်နေပေါ့ သစ္စာဖြူလည်းမရှိတော့ သမီးလေးကသူ့အမေကို သတိရနေမှာ လူများများရှိတော့ ကြာရင်မေ့မေ့ပျောက်ပျောက် ဖြစ်သွားမှာလေ ... ''





အာကာထက်က အကျိုးအကြောင်းပြောတော့ ... ဒေါ်မာလာနဲ့ မျိုးအောင်က ဘာမှအဖြေမပေးပေမယ့် ... ငြင်းဆန်ခြင်းတော့ မရှိကြ ...

နာရေးအိမ်မို့ ခြံထဲရှိစားပွဲဝိုင်းများတွင် အိမ်အနီးအနားဝန်းကျင်ကလူများက ဝိုင်းဖွဲ့ကာရှိကြသည်။

အာကာထက် အလုပ်ထဲမှလူများက အာကာထက်ကိုယ်စား ဝိုင်းဝန်းကူညီဧည့်ခံပေးနေကြ၏။

ဒေါ်မာလာက တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် ...

''မောင်အာကာ မြေးနဲ့သမီးကိုလိပ်ပြာမခွဲရသေးဘူးနော် ... ''

''ဗျာ ... ''

''ဟုတ်တယ် ... သားအမိပဲဖြစ်ဖြစ် မြေးအဘွားပဲဖြစ်ဖြစ် ကလေးနဲ့သံယောဇဉ်တွယ်လွန်းတဲ့လူသေရင် လိပ်ပြာခွဲရတယ် ရှေးထုံးတစ်ခုပေါ့ကွယ်''

''လိပ်ပြာမခွဲဘူးဆိုရင် ... ''

အာကာထက်ရဲ့အမေးကို ဒေါ်မာလာကလေသံအေးအေးနှင့် လိပ်ပြာမခွဲဘူးဆိုရင်သေဆုံးသူက သူသံယောဇဉ်ရှိတဲ့လူကို ဝိညာဉ် လာနှုတ်သွားလို့ရတယ်လို့ပြောကြတာပဲ ... ''

''တကယ်လား ... ''

အာကာထက်က စိတ်ဝင်တစားနှင့်မေးလိုက်၏။ ဒေါ်မာလာက -

''ပြောကြတာပဲ လိပ်ပြာမခွဲရင်လည်း ကလေးလည်ပင်းမှာ ပရိတ်ကြိုးဆွဲပေးရင် သရဲတစ္ဆေမကပ်နိုင်ဘူးပြောတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... ဖြူရက်လည်ပြီးရင်တော့ ဆရာတော်ကျောင်းသွားပြီး ပရိတ်ကြိုးဆွဲတာပေါ့"

ထိုစဉ် ... အာကာထက်အလုပ်ကလူကြီးတချို့ရောက်လာသဖြင့် ဧည့်ခံရန် အာကာထက်က စကားဝိုင်းမှထ၍ထွက်လာခဲ့တော့သည်။



"ရှပ် ... ရှပ် ... "

အိပ်ခန်းထဲမှထွက်သွားသည့် ခြေသံကြောင့် အာကာထက် အိပ်ဆေမာကျနေရာမှ ရုတ်ရက်လန့်နိုးသွားသည်။

"ဟင် ... "

ညအိပ်မီးသီးအလင်းရောင်အောက်မှာ တွေ့လိုက်ရတဲ့ ပုံသဏ္ဍာန်ရင်ထဲထိတ်ခနဲဖြစ်သွားသည်။

"ဖြူ ... "

နှုတ်မှရုတ်တရက်လွှတ်ခနဲထွက်လို့သွား၏။ သူ့ကို ကျောခိုင်းထားလျက် အခန်းတံခါးဝမှာရပ်နေသည့် သစ္စာဖြူကိုယ်လုံးကိုယ်ထည် အရပ်နှင့်ဖြန့်ချထားသည့်ဆံပင်တို့မှာ မှားစရာမရှိ ...

"ဟင်း ... "

နာခေါင်းထဲ၌ ပုပ်အက်အက်အနံ့အသက်တစ်ခုက တိုးဝင်လို့လာသည်။



www.burmeseclassic.com

www.burmeseclassic.com

အာကာထက် အိပ်ရာပေါ်ပက်လက်အနေအထားမှ ထထိုင်လိုက်၏။ ခန္ဓာကိုယ်တစ်ခုလုံးလည်း ကြက်သီးတွေတဖြန်းဖြန်းထလို့နေသည်။

ခြံထဲက နာရေးစောင့်လူတချို့ရဲ့စကားသံကို ကြားလို့နေရသည်။

"ကျွီ ... "

တံခါးက သစ္စာဖြူမတွန်းပါဘဲနှင့်ပွင့်သွားရာ အခန်းအပြင်သို့ ထွက်သွားသဖြင့် အာကာထက်လည်းခုတင်ပေါ်မှဆင်း၍ လိုက်ရန် ပြင်လိုက်သည်။

"ဟင် ... "

ခြေလှမ်းတွေကလှမ်းလို့မရနေရာ၌ပင် သံမှိုစွဲ၍ကပ်နေ၏။

အခန်းအပြင်ဘက်သို့ တရွေ့ရွေ့ထွက်သွားတာကိုသိ၍ အနောက်မှ လိုက်ကြည့်ချင်သလို နှုတ်ကလည်းအော်ခေါ်ချင်သော်လည်း အသံကမထွက် ဖြစ်နေသည်။ သစ္စာဖြူ အခန်းထဲကထွက်သွားပြီးနောက် အနံ့အသက်ကလည်း တဖြည်းဖြည်းလျော့ပါးလို့သွားသည်။

ထိုစဉ် ...

"အု ... ရူး ... "

အဝေးမှခွေးတစ်ကောင်ရဲ့ ရူးရူးဝါးဝါးအူသံကြောင့် အာကာထက် စိတ်ထဲလန့်လို့သွားသည်။

"ဟင်"

ခြေထောက်နှစ်ဘက်လုံးကလည်း လှုပ်လို့ရလာရာ အခန်းအပြင်သို့ အလျင်အမြန်ထွက်လာပြီး သစ္စာဖြူထွက်သွားရာ အိမ်ရှေ့ဘက်သို့လိုက်လာသည်။

"ဟာ ... "





ညှော်ခန်းထဲရှိ သင်္ချိုင်းမှလိပ်ပြာခေါ်လာရာ ပန်းပွင့်တင်ထားသည့် စားပွဲရှေ့တွင် သစ္စာဖြူကဒူးထောက်ကာထိုင်နေသည်။

"ဖြူ ... "

အာကာထက်နှုတ်ကလွှတ်ခနဲထွက်သွားသည်။

"ဟင်"

အာကာထက်ကို ခေါင်းစောင်း၍ကြည့်လိုက်ရာ အာကာထက် အလွန်အံ့သြသွားသည်။

"ဖြူ ... ဖြူ ... မ ... မဟုတ်ဘူး ... မင်း ... မင်းဘယ်သူလဲ"

ပါးစပ်ကအာထစ်ထစ်အငေါ့ငေါ့ထွက်လာသလို မျက်လုံးကလည်း ကြောင်၍ကြည့်နေစဉ် ...

"ဟီး ... ဟီး ... "

ကြောက်မက်ဖွယ်ရာ ရယ်မောသံကြီးက ဖြူဖွေးနေသော မျက်နှာပေါ်မှ ထွက်ပေါ်လို့လာ၏။

"ဟား ... ဟား ... ဟီး ... "

အာကာထက်ရဲ့ အသားတွေတဆက်ဆက်တုန်လို့လာသလို နဖူးမှာလည်း ချွေးစေးများစို့တက်လို့လာသည်။

"မင်း ... ဖြူ ... မဟုတ်ဘူး ... သွား ... ထွက်သွား ... "

အာကာထက်အသံကုန်ဟစ်လိုက်စဉ် ... တဖြည်းဖြည်းမတ်တတ်ထလာပြီး ညှော်ခန်းနံရံတွင် အာကာထက်နှင့်သစ္စာဖြူတို့အတူတွဲရိုက်ထားသည့် ဓာတ်ပုံကားကြီးရှေ့နားသွား၍ ပန်းချီကားရှေ့၌မတ်တတ်ရပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com

"ဟား ... ဟား ... "

အားရပါးရရယ်မောရင်း ပန်းချီကားထဲဝင်ရောက်လို့သွားသည်။

"မင်းဘာလုပ်တာလဲ မလုပ်နဲ့ ... "

အာကာထက်ရဲ့ အာခေါင်ခြစ်၍အော်သံနှင့်အတူ ဒူးညွတ်ကာ ကြမ်းပေါ်ကျလို့သွားတော့သည်။



ရုတ်တရက်မျက်နှာကိုစောင်းကာ
မှည့်ကြည့်လိုက်သောအခါ ...

အခန်း (၃)

## ပန်းချီကားထဲကတစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

"အာကာ ... ဘာဖြစ်တာလဲ"

"ဟင် ... "

မျိုးအောင်က အာကာထက်ရဲ့ကိုယ်ကိုလှုပ်ကာ မေးလိုက်တာကြောင့် အာကာထက်လန့်နိုးသွားသည်။

"မင်းဘာဖြစ်လို့အော်နေတာလဲ အာကာ"

"ငါ ... ငါ ... "

အာကာထက်က သူ့ကိုယ်သူပြန်သတိထားမိတော့ အိပ်ရာထဲမှာပင် ဖြစ်နေသည်။

"မင်း ... အော်သံကြားလို့ ငါရှေ့မှာ စကားပြောနေရာက ထလာတာ"

"ငါညွှန့်ခန်းထဲရောက်နေတာ ဘယ်လိုလုပ်အခန်းထဲ ပြန်ရောက်နေတာလဲ"

အာကာထက်က အိပ်ရာပေါ် ထထိုင်ရင်းပြောတော့ မျိုးအောင်က ...





"မင်း ... ညွှန့်ခန်းထဲမရောက်ပါဘူး ... ရောက်ရင် ငါတွေ့မှာပေါ့"

"မဟုတ်ဘူး မျိုးအောင် ... ငါ သေသေချာချာကို ညွှန့်ခန်းထဲ ရောက်တယ် ... "

မျိုးအောင် စိတ်ညစ်သွားသည်။ ပြီးတော့ အခန်းထဲရှိ ရေခဲသေတ္တာ နားသွား၍ ရေတစ်ဗူးကိုထုတ်ကာ ရေကိုဖန်ခွက်ထဲထည့်၍ အာကာထက်အား ပေးလိုက်သည်။

အာကာထက်က ရေကိုမော့သောက်လိုက်သည်။

"မင်း အိပ်မက်,မက်နေတာ အာကာ ... "

"အိပ်မက် ... "

အာကာထက်ပြန်စဉ်းစားလိုက်တော့ ပုံရိပ်တွေခေါင်းထဲတစ်ခုချင်း ပေါ်လာသည်။

"ဟုတ်တယ် ... မင်း အိပ်မက်မက်နေတာနေမှာ ... "

"မျိုးအောင် ... "

"ပြော သူငယ်ချင်း ... "

မျိုးအောင်က အာကာထက်ခုတင်ဘေးက ထိုင်ခုံမှာဝင်ထိုင်လိုက် သည်။

"ငါအိပ်တော့အခန်းတံခါး သေသေချာချာပိတ်အိပ်တာ မင်း ဘယ်လို ဝင်လာလဲ ... "

"မပိတ်ပါဘူး ... သူငယ်ချင်းရယ် အခန်းတံခါးကပွင့်နေတာ ငါတောင်အခန်းတံခါးကိုဘာလို့ဖွင့်အိပ်တာလဲ စဉ်းစားနေတာ ... "

အာကာထက်တွေဝေသွားသည်။ သေသေချာချာကို ပြန်တွေးတော့



www.burmeseclassic.com

www.burmeseclassic.com

သူ့ အသေအချာကိုပိတ်ခဲ့တာ ...

"မျိုးအောင် ... ငါ့အခန်းထဲကို မိန်းမတစ်ယောက်ရောက်လာတယ် "

"ဟာ ... မဖြစ်နိုင်ပါဘူး အိမ်စောင့်ရှိတာယောကျ်ားတွေလေ"

"ငါပြောတာကိုနားထောင်ပါဦး မျိုးအောင် ... "

အာကာထက် ခပ်မာမာပြောတော့ မျိုးအောင်က သူ့စကားကို ရပ်လိုက်သည်။

"ငါ့အခန်းထဲကို မိန်းမတစ်ယောက်ရောက်လာပြီး ပြန်အထွက်မှာ ငါကြည့်လိုက်တော့ ဖြူဖြစ်နေတယ် ... ငါလည်းနောက်က လိုက်ကြည့်တော့ သချိုင်းကယူလာတဲ့လိပ်ပြာပန်းပွင့်ရှေ့မှာ ထိုင်နေတယ် ...

ငါ့ကိုလှည့်ကြည့်တော့ ဖြူမဟုတ်ဘူးကွ ... မိန်းကလေးတစ်ယောက် မျက်နှာကကြောက်စရာကြီး"

"ဟာကွာ ... မင်းစကားကရှုပ်နေတာပဲ၊ သစ္စာဖြူမဟုတ်ပြန်ဘူး မိန်းကလေး ဘာတွေလဲကွာ ... "

မျိုးအောင်က စိတ်ပျက်စွာပြောလိုက်၏။

"ဖြူနဲ့တူတယ်ဆိုတာ နောက်ဘက်ကကြည့်ရင် ဆံပင်ကိုယ်လုံးကိုယ်ထည်ကအစတစ်ပုံစံတည်း မျက်နှာမြင်ရမှမဟုတ်တော့မှန်း သိတာ"

"မင်းပြောတာ သေချာလှချည်လား ... "

"တကယ်ပြောတာ မျိုးအောင်ပြီးတော့ ဟိုပန်းချီကားထဲ ဝင်သွားတယ် ... "

"ဟင် ... "





မျိုးအောင်အံ့သြသွားသည်။ အာကာထက်ကဆက်၍ ...

"ရယ်တဲ့ပုံနဲ့ရယ်သံကြီးက ကြောက်စရာကြီး ငါ့မျက်လုံးထဲကကို မထွက်ဘူး ... "

"ပန်းချီကားထဲဘယ်လိုဝင်သွားတာလဲ အာကာ ... "

"ပုံရှေ့ရပ်ပြီး အရိပ်လိုဝင်သွားတာ ပြောရင်းနဲ့တောင် ကြက်သီးထလာတယ် ... "

အာကာထက်ကပြောရင်း ပခုံးကိုတွန့်ပြသည်။ မျိုးအောင်က အာကာထက် သူ့ကို လိမ်ပြောတာမဟုတ်မှန်းသိသည်။ ထို့ကြောင့် ...

"လာကွာ ... ရှင်းသွားအောင် တို့တွေ မင်းတို့လင်မယားနှစ်ယောက်ရဲ့ ပန်းချီပုံကိုသွားကြည့်ရအောင် ... "

"အေးကောင်းတယ် ... ဘယ်အချိန်လောက်ရှိပြီလဲ မျိုးအောင်"

မျိုးအောင် သူ့လက်မှနာရီကိုကြည့်၍ ...

"တစ်နာရီခွဲပြီကွ ... "

"ငါက လေးနာရီလောက်ရှိပြီထင်နေတာ ... "

"လာကွာ ... ညည့်ခန်းသွားရအောင် ... "

အာကာထက်လည်း မျိုးအောင်နှင့်အတူ အခန်းထဲမှထွက်၍ လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ"

"ဟင်"

ပန်းချီကားရှေ့တွင် နှစ်ယောက်သားမတ်တတ်ရပ်ကြည့်ရင်း အံ့သြစွာရေရွတ်လိုက်သည်။

"အာကာ ... သစ္စာဖြူရဲ့ပုံက ဘယ်လိုဖြစ်သွားတာလဲ၊ အရင်က ဒီလိုပုံမဟုတ်ပါဘူး ... "

အာကာထက်လည်း ပန်းချီကားထဲက ပုံကိုအသေအချာကြည့်၍ ...

"ဟုတ်တယ် မျိုးအောင် ဆေးပျက်တာဆိုပေမယ့် ဖြူရဲ့ပုံက ဒီလောက်ရုပ်ဆိုးသွားစရာမရှိဘူး ... "

"မင်းပြောတာ ဟုတ်နေပြီနဲ့တူပါတယ် ... "

"အဟုတ် မျိုးအောင် ငါတွေ့ခဲ့တဲ့ မိန်းမရဲ့ပုံက ဒီပုံပဲ ဘယ်လို လုပ်ကြမလဲ"





အာကာထက်ကပြောတော့ ... မျိုးအောင်စိတ်ထဲ ထူးဆန်းလို့နေသည်။

ဒီပန်းချီကားကို အရင်ကသေသေချာချာမကြည့်မိ အမှတ်တမဲ့နေခဲ့သည်။ ပန်းချီကားထဲက အာကာထက်ရဲ့ပုံက ပြောစရာမရှိပေမယ့် သစ္စာဖြူရဲ့ပုံကဆေးပျက်တယ်ဆိုရင်တောင် အခုလောက်ရုပ်ပျက်ဆင်းပျက်ဖြစ်စရာမလိုပါ။

"ဖြုတ်သိမ်းလိုက်ရင်ကောင်းမယ် အာကာ ... "

"ဘယ်နေရာမှာသိမ်းမလဲ မျိုးအောင် ... "

"အိမ်ဘေးက ... ကားဂိုဒေါင်စတိုခန်းထဲ ထည့်ထားတာပေါ့ကွာ ... "

အာကာထက် ပန်းချီပုံကိုဖြုတ်သိမ်းရမှာလည်း နှမြောနေသည်။ ဒီလက်ရာက သူဝါသနာပါသည့် ပန်းချီပညာကိုသင်ပေးသည့် ဆရာသမား၏ လက်ရာဖြစ်သလို အိမ်ထောင်ကျစက ဆရာသမားက မေတ္တာနှင့် လက်ဖွဲ့ကာရေးဆွဲပေးသည့်ပုံဖြစ်သည်။

"အာကာ ဘာစဉ်းစားနေတာလဲ"

"ဘာ ... ဘာမှမဟုတ်ပါဘူး"

အတွေးလွန်နေသည့် အာကာထက် မျိုးအောင်သတိပေးမှ အသိဝင်လာသည်။

"ပန်းချီကားကိုဖြုတ်မယ်ဆိုလည်း မနက်ရောက်မှသာ ဖြုတ်တော့"

"အေး ... "

အာကာထက်ကခေါင်းညိတ်လိုက်ပြီး ညည့်ခန်းဆိုဖာထိုင်ခုံပေါ် ပြန်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



လက်ပစ်ထိုင်ချလိုက်၏။

ထိုစဉ် ...

"ဝါး ... "

"ဟင် ... "

သမီးလေး သဏ္ဌာန်သင်းရဲ့ငိုသံကိုကြားလိုက်ရသည်။

"ကျွတ် ... ကျွတ် ... တိတ်ပါမြေးရယ် ... "

"ဝါး ... "

ဒေါ်မာလာရဲ့ချော့သံ သဏ္ဌာန်သင်းရဲ့ငိုသံက ဆူညံလို့သွားသည်။

"ကလေးက ခါတိုင်းဒီလောက်မငိုပါဘူး"

အာကာထက်ကပြောရင်း မတ်တတ်ထရပ်စဉ် ဒေါ်မာလာက ကလေး ချီရင်း ဧည့်ခန်းထဲထွက်လာသည်။

"အမေ ... သမီးဘာဖြစ်လို့လဲ"

"မသိပါဘူး ... မောင်အာကာရယ် ... "

အာကာထက်က ဒေါ်မာလာလက်ထဲက ကလေးကိုယူ၍ ချီလိုက်သည်။

အာကာထက်လက်ပေါ်ရောက်တော့ ကလေးက တဖြည်းဖြည်း တိတ်လို့သွား၏။

"သမီး ... ဘာလို့ငိုတာလဲ"

"ဖေဖေ ... ဟင့် ... ဟင့် ... "

သဏ္ဌာန်သင်းက ရှိုက်ငိုလျက် ပန်းချီကားကိုလက်ညှိုးထိုးပြသည်။

"ဘာ ... ဘာလို့လဲသမီး ဖေဖေနဲ့မေမေရဲ့ပုံတူပန်းချီကားလေ"





"မေမေသမီးဆီလာတယ် ... "

"ဟင် ... "

"ပြီးတော့ ... ပန်းချီကားထဲမေမေဝင်သွားတယ် ... "

သဏ္ဌာန်သင်းက ပန်းချီပုံကိုလက်ညှိုးထိုးကာပြောတော့ အာကာ ထက်တင်မက မျိုးအောင်ပါ အံ့သြလို့သွားသည်။

"သမီး အိပ်မက်မက်တာပါ"

"ဟင့်အင်း ... မေမေ့ကိုသမီးခေါ်တာ ခေါ်လို့လည်းမရဘူး ဟင့် ဟင့် ... "

ကလေးကပြောရင်း ရှိုက်ငိုပြန်ရာ အာကာထက်ကချော့တော့ ပခုံးပေါ်မှာတင် အငိုတိတ်ကာခဏကြာတော့ အိပ်ပျော်လို့သွားသည်။

ဒေါ်မာလာကလေးကိုပြန်ခေါ်ကာ သူ့အခန်းထဲသို့ ထွက်သွားတော့ အာကာထက်က မျိုးအောင်ကိုအစိပ္ပါယ်ပါပါလှမ်းကြည့်သည်။

"ဟင်"

အာကာထက်က ပန်းချီကားချပ်ကိုကြည့်၍ သက်ပြင်းရှည်ကြီး ကိုသာချလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အမှောင်ထဲက ရုတ်တရက်ထွက်ပေါ်လာတဲ့ သေဆုံးသူ့ရန်ငြိုးနဲ့အသံကြောင့် . . .

## အခန်း (၄)
## အိမ်ပြန်လာတယ်

သူ့ရဲ့ခြေလှမ်းတွေက လေးလံလွန်းလှသည်။ ခေါင်းထဲလည်း မူးဝေနောက်ကျိလို့နေ၏။

သူသင်္ချိုင်းကထွက်လာပြီး မိနစ်လေးဆယ်ခန့်လမ်းလျှောက်ရင်း ဆက်မလျှောက်နိုင်တော့ လမ်းမှာလဲကျသွားသည်။

သူဒီလောက်ထိပဲမှတ်မိတာ ...

အခုသတိရတော့ ဝါးကြမ်းခင်းပေါ်မှာသူရောက်နေသည်။ သူ့အိမ်တော့ မဟုတ် ... အသာထ၍ဘေးဘက်ကြည့်လိုက်ရာ အဘွားအိုတစ်ဦး အိမ်ရှေ့ခန်းမှာ အဘိုးအိုတစ်ယောက် အိပ်မောကျနေကြသည်။

ပြန်စဉ်းစားမိတော့ သူတို့တွေသူ့ကိုကယ်ထားတာဖြစ်မည်။

အိမ်လေးကလည်း ဝါးတိုင်လေးတွေနဲ့ယိုင်နဲ့နဲ့ ... သူ့စိတ်မှာ ပထမဆုံး သတိရမိတာက ကိုမျိုးဦး ... ချက်ချင်းပဲ မတ်တတ်ထရပ်ကာ အဘွားအိုနှင့် အဘိုးအိုတို့ကို မနိုးအောင် ဝါးတဲလေးထဲက ထွက်လာသည်။

"ကိုမျိုးက ငါ့ကိုသေပြီလို့ထင်မှာပဲ ... အင်းလေ ... ဘယ်တော့နိုင်မလဲ အိမ်ရောက်မှရှင်းပြရမှာပဲ"



www.burmeseclassic.com

ကိုယ့်ဘာသာတွေးရင်း ခြေလှမ်းတွေက သွက်သွက်နှင့်လှမ်းလို့လာသည်။

ခေါင်းကသိပ်မကြည်ပေမယ့် အိမ်ကိုရောက်ချင်ဇောကြောင့် အားတင်းထားရသည်။ ညကမဲမှောင်နေပေမယ့် ကံကောင်းချင်တော့ သူ့ကိုခွေးတစ်ကောင်တလေကတောင်ဟောင်ခြင်းမရှိ ...

"ဟင်း ... ဟင်း"

ခပ်သွက်သွက်လျှောက်တာကြာလာတော့ ရင်ထဲလှိုက်ကာ မောလာသည်။

"ငါ ... ဘယ်လိုဖြစ်တာလဲ အရင်ကငါဈေးလှည့်ရောင်းလာတာ မမောပါဘူး"

ကိုယ့်ကိုယ်ကိုယ် အံ့ဩရင်းကိုယ်ကိုငုံ့ကြည့်မိသည်။

"ဟင် ... "

သူမယုံနိုင် သူ့အသားအရေက ဖြူတယ်ဆိုပေမယ့် နေပူထဲ ဈေးလျှောက်ရောင်းရတာ နေလောင်ဒဏ်ကြောင့် အနည်းငယ် ညိုချင်သည်။ အခု ဖြူဥနေတာက ဘယ်လိုသဘောလဲ ...

"ဟင် ... စဉ်းစားနေကြာပါတယ် ကိုမျိုးငါ့တွေ့ရင် ဝမ်းသာမှာ"

ခြေလှမ်းတွေက ပိုသွက်လာသည်။

သူနှင့်ကိုမျိုးက တစ်ယောက်နှင့်တစ်ယောက် သိပ်ချစ်ကြတဲ့ ချစ်သူတွေဖြစ်ပြီးမှ ယူလိုက်ကြတာ ...

ကိုမျိုးကဆိုက္ကားနင်းတယ်ဆိုပေမယ့် အသောက်အစားလေးက မကင်းတော့ စုမိတယ်လို့မရှိ ...





ရပ်ကွက်ထဲမှာ ရန်ဖြစ်ပြီဆိုရင် ကိုမျိုးကရှေ့ဆုံးက ဆေးရုံ ရောက်ရင်လည်း သူသွားတာပဲ အချုပ်ထဲရောက်ရင်လည်း လိုက်တွေ့တာပဲ ...

သူကချစ်တော့ ဒါတွေအပြစ်လို့မမြင်တော့ ... ကိုမျိုး ဘယ်လောက်ဆိုးမလဲဆိုးစမ်း ခံဖို့အသင့်ပဲ နှုတ်ခမ်းပဲ့ချင်းမီးမှုတ်တယ် ဆိုပေမယ့် ထမင်းတော့ မငတ်ပါဘူး ...

သူက ရာသီသီးမှန်သမျှ . . . ခေါင်းပေါ်မန်းတင် ရောင်းတာလေ ...

ကိုမျိုးက မူးလာရင်ရယ်စရာတွေပြောတတ်လွန်းလို့ မူးပါစေလို့တောင် သူကဆုတောင်းနေတာ ...

သူနဲ့ကိုမျိုးညားတော့ ဘာမှကြီးကြီးကျယ်ကျယ်မလိုဘူး . . . ဘေးပတ်ဝန်းကျင်က လူလေးငါးယောက်ကိုကော်ဖီမစ်တိုက်လိုက်တာပဲ ...

အမေကလည်း ဘာမှမပြောဘူး ကိုယ့်တာဝန်နဲ့ကိုယ်တဲ့ သူ ဈေးရောင်းရင်း စုထားတဲ့ ငွေလေးကို တစ်လတစ်သောင်းတန် အိမ်အခန်း တွဲလေးတစ်ခန်းကိုငှားလိုက်သည်။

အိုးတစ်လုံးဖျာတစ်ချပ်မရှိပေမယ့် သူပျော်တယ် ကိုမျိုးနဲ့ အရက်ဆိုင်လိုက်သွား ကိုမျိုးကအရက်သောက် သူကအမြည်းစား ... အိမ်ပြန်တော့ သူကဆိုက္ကားပေါ်ထိုင် ကိုမျိုးကနင်း စကားတွေတပြောပြော ...

တိုက်မလိုဘူး ကားမလိုဘူး တီဗီမလို ရေခဲသေတ္တာမလို ပစ္စည်းမဲ့ ပျော်စရာဘဝကလေးမှာ သူချစ်တဲ့ကိုမျိုးနဲ့ပျော်လိုက်ရတာ ...

"အု ... ဝူး ... "

"ဟင် ... "

www.burmeseclassic.com



အတွေးတွေနှင့်လျှောက်လာရင်း လမ်းထဲဝင်ဖို့လုပ်တော့ ခွေးနက်ကြီး တစ်ကောင်က သူ့ရှေ့တည့်တည့်မှ သူ့ကိုကြည့်ကာ ခွဲခွဲငင်ငင်အူနေသည်။

"တောက် ... ဘာလဲဟ ... ဒီခွေး ... သွားစမ်း"

ခွေးနက်ကြီးကို မာန်မဲလိုက်ရာ ခွေးနက်ကြီးက အမြီးကိုကုပ်လျက် သူ့ရှေ့ကဖြတ်ပြေးသွားသည်။

သူတို့လမ်းက မီးတိုင်လည်းမရှိသလို အိမ်တိုင်းမှာလည်း လျှပ်စစ်မီးက မရှိတာကြောင့် မဲမှောင်လို့နေပေမယ့် သူ့အတွက်ပြဿနာမဟုတ် ...

မွေးတည်းက ဒီလိုပဲကြီးခဲ့တာလေ ...

အိမ်နားနီးလာတော့ ခြေလှမ်းကပို၍သွက်လာသည်။

"ဟင် ... "

သူတို့နေသည့် အခန်းတွဲရှေ့မှာ အောက်လင်း မီးအလင်းရောင် ကထိန်လို့နေသည်။

ကုလားဖျင်းကို ဖျင်စဖြင့်ထိုးထားတာကြောင့် သူ့နာရေးမှန်း သိလိုက်ရ၍ စိတ်ထဲပြုံးမိသည်။

"အင်း ... ငါ့အခုနေ အထဲကိုတန်းသွားရင် အားလုံးထွက်ပြေးမှာပဲ ... ကိုမျိုး ... ဘယ်လိုနေမလဲ ငါသိချင်လိုက်တာ ... "

စိတ်ထဲတွေးမိ၍ လူတွေမမြင်အောင် မှောင်ရိပ်ကွယ်၍ ခြံထဲဝင်လာခဲ့သည်။

"ဟင် ... "

ခြံအနောက်ဘက်ထောင့် မှောင်ရိပ်တွင် ကိုမျိုးတစ်ယောက် အရက်ပုလင်းကိုရှေ့ချကာ ငူငူကြီးထိုင်နေသည်။





"အိုး ... ငါ့ယောကျ်ားငါ့ကိုသတိရနေပါလား ... သနားလိုက်တာ ယောကျ်ားရယ် ... "

ရင်ထဲကျေနပ်သွားသလို ကိုမျိုးရဲ့အရက်သောက်ထား၍ အဆီပြန်နေသည့် မျက်နှာကိုတဝကြီးအမှောင်ထဲမှာ ချောင်းကြည့်မိသည်။

ကိုမျိုးက ပုလင်းထဲမှ အရက်ကိုခွက်ထဲထည့်၍ မော့သောက်လိုက်ပြီးသောက လက်ဖက်ကိုတစ်ဖွန်းမြည်းလိုက်၏။ ပါးစပ်ကလည်း ...

"အော့ ... စုလေးရေ ... ကိုမျိုးမနေတတ်ဘူးကွာ ... ကိုမျိုးကို ဘာလို့ထားခဲ့တာလဲ ... ကိုမျိုး စုလေးကိုလွမ်းလို့သေတော့မယ်၊ ကိုမျိုး အမြဲမှုးနေတာပဲကောင်းပါတယ်"

ကိုမျိုးကို သူကြည့်ပြီး မျက်ရည်များဝဲလို့လာသည်။ သူ့ယောကျ်ား ဘယ်လောက်ခံစားနေရလဲ သူသိတာပေါ့ ... ဒါကြောင့်လဲ ...

အမှောင်ထဲမှာ ကိုမျိုးနားနီးနိုင်သလောက်နီးအောင်သွား၍ လေသံတိုးတိုးဖြင့် ...

"ကိုမျိုး ... "

"ဟင် ... "

ကိုမျိုးက သူ့အသံကိုကြားသွားပြီး ရုတ်တရက်မတ်တတ် ထရပ်လိုက်သည်။ မူးတာတွေလည်းပျောက်သွားပြီထင်၏။ သူက နောက်တစ်ကြိမ်ထပ်ပြီး –

"ကိုမျိုး ... "

ခေါ်လိုက်ရာ ကိုမျိုးကအသံတုန်တုန်နှင့် ...

"စုလေး ... ကို ... ကို ...မျိုး ... ကို ... မခြောက်ပါနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမျိုးကို မခြောက်ပါဘူး ကိုမျိုးရဲ့ ... "

သူကအသံကိုအနည်းငယ်မြှင့်ကာပြောတော့ ကိုမျိုးက ခြေနှစ်လှမ်း သုံးလှမ်းနောက်ဆုတ်၍ ...

"စုလေး ... အ ... မျှ ... အ ... မျှ ... နော်"

ပြောလေရာ ကိုမျိုးရဲ့ပုံကိုမြင်တဲ့ ကုလားဖျင်းအောက်က လူတစ်ယောက်က ...

"ဟော့ကောင် ငမျိုး မူးမူးနဲ့ဘာတွေဖြစ်နေတာလဲ ... "

ပြောလိုက်ရာ ကိုမျိုးကအရက်ပုလင်းကိုပိုက်လျက် လူများရှိရာ ဝင်လာပြီး ...

"ငါ့ကို စုလေးခေါ်လို့ ... "

"ဟာကွာ ... ဒီကောင်မူးမူးနဲ့ဘာတွေပြောနေတာလဲ"

"ငါတကယ်ပြောတာ ဂျပု ... ငါ့ကိုစုလေးက ကိုမျိုးလို့ခေါ်တာ"

"ဘယ်နေရာက ခေါ်တာလဲ ... "

ဂျပုက လူစွမ်းကောင်းလုပ်၍ မေးလိုက်သည်။ ကိုမျိုးက စောစောက သူအရက်သောက်နေသည့်နေရာကို လက်ညှိုးထိုးပြလိုက်ရာ ...

"ဟင် ... "

"ဟာ ... "

အားလုံးရဲ့အကြည့်တွေက သူ့ဆီရောက်လာသည်။ ထူးခြားတာက သူ့ထင်ထားသလို ကြောက်လန့်ပြီးထွက်မပြေးကြပဲ တအံ့တသြ ကြည့်နေကြ သည်။

သူကတော့ ... ကိုမျိုးဆီကိုတစ်လှမ်းချင်းလှမ်းလာပြီး ...





"ကိုမျိုး ... စုလေး ... မသေဘူးလေ ... စုလေးကိုမျိုးဆီ ပြန်လာတာ ... "

"ခင် ... ခင်ဗျားက စု ... စုလေး ... "

"ကိုမျိုး ... ဘာဖြစ်နေတာလဲ ကိုယ့်မိန်းမကို မသိဘူးလား ... "

ကိုမျိုးရဲ့ မျက်လုံးတွေက မယုံနိုင်ခြင်းအံ့သြခြင်းထိတ်လန့်ခြင်း တွေရှိနေသလို နာရေးအိမ်ကလူတွေကလည်း သူ့ကိုအံ့သြစွာ ကြည့်နေကြ သည်။

သူကတော့ ဘာကိုမှဂရုမစိုက် အားလုံးကိုကျော်၍ သူ့အခန်းထဲ သို့ဝင်၍ ကိုမျိုးအား ...

"ယောက်ျားလာလေ ... စုလေးလည်း သေမှမသေတာ နာရေး လုပ်စရာမလိုတော့ဘူး ... ယောက်ျားလည်း ဝမ်းနည်းမနေနဲ့တော့ စကားတွေ တဝကြီးပြောကြမယ် ... "

လှမ်းပြောလိုက်ရာ ကိုမျိုးက မျက်နှာငယ်ငယ်မျက်လုံးအကြောင်သား နှင့် သူ့ကိုကြည့်လို့သာနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာကိုယ်ကလွဲရင် အားလုံးဟာ
သေဆုံးသွားတဲ့ စုလေပဲဆိုတော့ . . .

အခန်း (၅)

## လိပ်ပြာအလွဲ

"ကိုအောင်ဆင့် ဒီကိစ္စကအတော့်ကိုမလွယ်တဲ့ကိစ္စပဲဗျ"

ရပ်ကွက်လူကြီးများဖြစ်တဲ့ ကိုအောင်ဆင့် ကိုလေးအောင်ကိုဖုန်းမြင့်တို့ ကိုမျိုးရဲ့မိန်းမစုဝေနဲ့ ပတ်သက်ပြီးပြောဆိုဖြစ်ကြသည်။

"ဟုတ်တယ် ကိုလေးအောင်ငမျိုးဆီကိုသူ့မိန်းမပါဆိုပြီး ရောက်လာတဲ့ကောင်မလေးက အတော်ချောတာပဲ အဆင့်အတန်းလည်းမြင့်ပုံရတယ် _

ခက်တာက သူက သူ့ကိုယ်သူဖရဲသီးသည်စုဝေပါလို့ပြောနေတာပဲ"

"အေးဗျာ _ ငမျိုးက ထီပေါက်ပြီးဆုငွေထုတ်မရတဲ့လူလိုဖြစ်နေတယ်"

"ဘာဆိုင်လို့လဲ ကိုဖုန်းမြင့်"

"ဆိုင်တာပေါ့ဗျာ _ ဒီလောက်လှတဲ့ မိန်းမကသူ့မိန်းမစုဝေပါဆိုပြီး အိမ်ပေါ်တက် သူ့ကိုအတင်းပေါင်းချင်နေတာ ငမျိုးကမိန်းမတောင်ရက်မလည်သေးဘူး ချက်ချင်းဆိုသလိုအစားရတာလေ ... "

ကိုအောင်ဆင့်က စဉ်းစဉ်းစားစားနှင့် ...

"အခု _ ငမျိုးအိမ်ရောက်လာတဲ့ ကောင်မလေးကစုဝေ ဟန်ပန်ပဲဗျ အပြောအဆို အနေအထိုင်အသံကအစ ရပ်ကွက်ထဲကလူတွေကိုလည်း သူအကုန်သိတယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ထူးဆန်းတယ် နာရေးကုလားဖျင်းတောင် အတင်းဖျက်နိုင်းလို့ ငမျိုးဖျက်လိုက်ရပြီလေ ..."

"ငမျိုးက အဲ့ဒီမိန်းကလေးရှိတဲ့အိမ်မှာနေလား"

"နေရတာပေါ့ ငမျိုးပျောက်သွားတာနဲ့ လိုက်ရှာတာ အရက်ဆိုင်တွေကအစ သူ့အကုန်သိတယ် ..."

ကိုလေးအောင်က တရားရသည့်အသံဖြင့် ...

"အေးဗျာ ... လောကကြီးက ဘာတွေဖြစ်နေလဲ ... မသိဘူးဗျာ"

"ငမျိုးက ကောင်မလေးနဲ့မပတ်သက်ရဲဘူး၊ ပြဿနာတရပ်မှာကြောက်တယ် ဘယ်ကမှန်းမသိတော့ ပိုဆိုးတာပေါ့ ..."

"ကောင်မလေးက ငမျိုးထက်တော့ကြီးမယ့်ပုံပဲ"

"လေးနှစ်ငါးနှစ်လောက်ကြီးမယ်ထင်တယ် ကောင်မလေးရဲ့ ရုပ်ကလွဲရင် အားလုံးဟာစုဝေနဲ့တထပ်တည်း မနက်ကကြားတာ ကောင်မလေးကမနက်ဖြန်ကစပြီး ဖရဲသီးပြန်ရောင်းမယ်တဲ့ ..."

ကိုအောင်ဆင့်စကားကြောင့် ကိုလေးအောင်နှင့် ကိုဖုန်းမြင့်တို့ကခေါင်းတညိတ်ညိတ်လုပ်နေကြသည်။

"ငမျိုးက အကျိုးအကြောင်းကျုပ်ကိုပြောထားပါတယ် ... သူလုံး အဲဒီကောင်မလေးကို မပတ်သက်ပါဘူးလို့လည်း ... ကတိပေးထားတယ် ..."

"ကျုပ်တို့ကောင်မလေးကို အကျိုးအကြောင်းခေါ်ပြောပြရင်ကောင်းမလား ..."





"ကိုဖုန်းမြင့်ပြောတာမှန်တယ် ... ဘာပဲဖြစ်ဖြစ်လေ ပြဿနာဆိုတာ မဖြစ်ခင်တားတာအကောင်းဆုံးပဲမလား ..."

ကိုလေးအောင်စကားကို ကိုအောင်ဆင့်နှင့် ကိုဖုန်းမြင့်တို့ကခေါင်းညိတ်ကာ လက်ခံလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မိန်းကလေး မင်းနာမည်ဘယ်လိုခေါ်လဲ"

ကိုအောင်ဆင့်ကရပ်ကွက်ရုံးသို့ခေါ်၍ သူ့စားပွဲရှေ့တွင်ထိုင်နေသော်ည့် ကောင်မလေးအားမေးတော့ ...

"ဟာ ... ဦးဆင့်ကလည်း မသိတဲ့လူတွေမှမဟုတ်တာ စုဝေလေ စုဝေမွေးထဲကဒီရပ်ကွက်နေလာတာ အထူးအဆန်းလုပ်လို့ ... "

စုဝေကဖြေတော့ ကိုအောင်ဆင့်ကခေါင်းကိုခါလျက် ...

"မိန်းကလေးသေချာစဉ်းစားပါ ... မင်းဟာ စုဝေမဟုတ်ဘူး"

"ဦးဆင့် ဘယ်လိုပြောလိုက်တာလဲ စုဝေကိုယ်တိုင်က စုဝေပါလို့ ပြောနေတာလေ"

"မိန်းကလေးရဲ့ ရုပ်ရည်ကိုမှန်ထဲပြန်ကြည့်ပြီးပြီလား ... "

စုဝေက သူ့ထုံးစံအတိုင်း နှုတ်ခမ်းကိုတစ်ချက်တွန့်ကာ ပြုံးလိုက်ပြီး-

"စုဝေ ဖရဲသီးရောင်းရင်း ကားက ပွတ်တိုက်လို့ လမ်းဘေးလဲကျသွားတယ်၊ ခေါင်းကို အုတ်ဘောင်နဲ့ရိုက်ပြီး သတိလစ်သွားတာကို သေပြီဆိုပြီး





ရေခဲတိုက်ပို့ကြတယ်လေ ...

သတိရတော့ ရေခဲတိုက်ထဲကထွက်လာရင်း ဒီရုပ်ဘယ်လို ဖြစ်သွားမှန်း မသိပါဘူး၊ ရုပ်ကကိုစွမရှိပါဘူး စုဝေကကိုယ့်ကိုယ်ကိုယ် သိနေတာပဲ"

"ပြဿနာပဲ ... "

ကိုအောင်ဆင့်ခေါင်းကုတ်လိုက်ရသည်။

"ဦးဆင့်ကို စုဝေတစ်ခုပြောမယ်"

"အင်း ... ပြော ... "

"ဦးဆင့်တို့က စုဝေကိုစုဝေမဟုတ်ဘူးလို့ ပြောကြတယ်မလား"

"အင်းလေ ... "

"အဲလိုဆို _ စုဝေဟာ စုဝေဖြစ်တယ်ဆိုတာကို ဦးဆင့် ကြိုက်သလိုစမ်း၊ တစ်ခုဦးဆင့်သိအောင် စုဝေပြောမယ်၊ လွန်ခဲ့တဲ့ ငါးနှစ်ကဦးဆင့်သမီး နေခြည်ဆေးရုံတက်တော့ . . . စုဝေငါးရက်လုံးလုံး စောင့်ပေးခဲ့တယ်နော် ... "

"ဟင် ... "

ကိုအောင်ဆင့်မျက်လုံးပြူးသွားသည် သူတောင်မေ့နေသည့် ကိစ္စတစ်ခု -

စုဝေကဆက်၍ ...

"ဦးဆင့် မိန်းမအန့်တီနှယ် ဦးဆင့်နဲ့စိတ်ဆိုးပြီး အိမ်ကဆင်းတော့ ဦးဆင့်ကလူမသိအောင် တိတ်တိတ်လေး စုဝေကိုချော့တဲ့စာ သွားပေးခိုင်းတာလေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် ... တော် ... တော်တော့ စုဝေ ... အဲ မိန်းကလေး"

ဦးအောင်ဆင့်မျက်နှာရဲတက်လို့သွားသည်။ ဘယ်သူမှမသိတဲ့ ကိစ္စ ဒီမိန်းကလေးသိနေသည်။

စုဝေက သွက်သွက်လက်လက်လည်းရှိ နိုင်းရင်ဖင်ပေါ့တာကြောင့် သူနိုင်းမိခဲ့သည်။

"ဦးဆင့် ... စုဝေဟာ စုဝေဆိုတာယုံပြီနော်"

"ဟုတ်ပါပြီ ဒါပေမယ့် ... ငမျိုးနဲ့တော့ အတူမနေစေချင်ဘူး"

"ရှင် ... ဘာလို့လဲ ကိုမျိုးက စုဝေယောကျ်ားလေ ... "

"ဟုတ်ပါတယ် ... ဒါပေမယ့် စုဝေရဲ့ပုံစံကတစ်မျိုးဖြစ်နေတော့ ဦးဆင့်တို့က မဖြစ်သင့်တာမဖြစ်အောင်တားတာပါ"

"ဟင် ... "

စုဝေက သူ့ရှေ့ဝဲကျလာသည့် ဆံပင်တို့ကိုသပ်တင်ရင်း မျက်နှာက ချက်ချင်းညှိုးသွားသည်။ ထိုင်ရာမှထ၍ ဦးအောင်ဆင့်ကို နှုတ်ဆက်ကာ မျက်နှာမကောင်းစွာထသွားတော့သည်။

သူ့ယောကျ်ား ကိုမျိုးကိုယ်တိုင်က သူ့ကို အရင်နှင့်မတူစိမ်းနေတယ် ဆိုတာတော့ သူကိုယ်တိုင်သိသည်လေ ...



အခိုးအငွေ့များကြားက
သူ့ခန္ဓာကိုယ်ကို လာတောင်းသည့်
အရိပ်ကြီးအား . . .

## အခန်း (၆)
## ခန္ဓာ လာ တောင်းတဲ့ည

www.burmeseclassic.com

www.burmeseclassic.com

"ကိုမျိုး ... "

"ဟင် ... "

သူတို့အခန်းလေး၏အရှေ့ကွက်ပျစ်မှာ ကိုမျိုးက ငုငုကြီး ထိုင်နေသည့်နားသို့ စုဝေကသွားထိုင်၍ခေါ်လိုက်သည်။

"စုဝေကို ဘာလို့ အခုလိုဆက်ဆံနေရတာလဲ ကိုမျိုးရယ်"

"ဟို ... ဟို ... "

စုဝေက ကိုမျိုးပခုံးနားကပ်၍ပြောတော့ ကိုမျိုးက အသားချင်း ထိမှာစိုး၍ ခွာလိုက်သည်။

စုဝေကစိတ်တိုစွာနှင့် ...

"ကိုမျိုး ... ရှင်ဘာဖြစ်နေတာလဲ"

အော်လိုက်ရာ ကိုမျိုးက လက်ကာပြလျက် ...

"အစ်မ ... ကျွန်တော့်နားမကပ်ပါနဲ့"

"ဘာအစ်မလဲ ... ငါကနင့်မယားလေ ဘာလဲ နင်က ငါမသေဘဲပြန်လာလို့ စိတ်ဆင်းရဲနေတယ် ဟုတ်လား ... "





စုဝေကအသံကိုမြှင့်လျက်အော်လိုက်ရာ ကိုမျိုးက ဘယ်လို ဖြေရှင်းရမှန်း မသိတော့ ...

"အစ်မ ... "

"ငါ့ကို အဲလိုမခေါ်နဲ့ ... "

"ကျွန်တော်ရှင်းပြပါရစေဦး ကျွန်တော်ပြောတာကို ခဏတော့နားထောင်ပေးပါနော်"

စုဝေက စကားအပြောအဆိုမှစ၍ပြောင်းလဲသွားသော ကိုမျိုးကို တအံ့တသြကြည့်နေသည်။

"အစ်မက ကျွန်တော့်မိန်းမစုဝေမဟုတ်ဘူး ... အစ်မ ဘယ်သူလဲဆိုတာလည်းကျွန်တော်မသိဘူး ... အစ်မက ကျွန်တော့် အိမ်ရောက်လာတယ် ...

အစ်မကိုယ်အစ်မ စုဝေတဲ့ ဒါပေမယ့်အစ်မရဲ့ရုပ်ရည်က စုဝေမှမဟုတ်တာ ...

ဒါကိုလည်း တစ်ရပ်ကွက်လုံးကသိတယ်လေ ... "

"တော်တော့ ကိုမျိုး ငါကနင့်မိန်းမစုဝေအစစ်ပါ ... သေပြီးပြန်လာလို့ နင်လက်မခံတာလား ... "

"မဟုတ်ဘူး အစ်မ ... ကျွန်တော်က ကျွန်တော့်မိန်းမစုဝေကိုအရမ်းချစ်တာပါ အစ်မရဲ့ပြောပုံဆိုပုံတွေက စုဝေလေသံ စုဝေအတိုင်းပဲဆိုတာကျွန်တော်သိတယ် ...

ပြီးတော့ ... အစ်မက ... စုဝေနဲ့ပတ်သက်တာ အားလုံးသိနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးရဲ့စကားကြောင့် စုဝေမျက်ရည်များရစ်ဝိုင်းလာပြီး ပါးပေါ်သို့ မျက်ရည်များကျလာသည်။

"ကိုမျိုး ငါ့ရဲ့ဒီရုပ်ရည် ဒီခန္ဓာကြောင့် နင်ငါ့ကို စုဝေဆိုတာ လက်မခံတာလား"

"ခက်တယ်အစ်မရယ် ... "

ကိုမျိုးကလေးလေးပင်ပင်ပြောလိုက်၏။

"ငါတို့ လင်မယားက ဆင်းရဲပေမယ့် တစ်ယောက်နဲ့ တစ်ယောက်သိပ်ချစ်တာလေ ... ခုတော့ ... ဟာ ... ဟင့် ... ဟင့် ... "

စုဝေကငိုတော့ ကိုမျိုးစိတ်မကောင်း ခုထက်ပို၍ပြီးလည်း ရှင်းမပြတတ်။

ထို့ကြောင့် ...

"ကျွန်တော့်မိန်းမ စုဝေကိုကျွန်တော်ကိုယ်တိုင် သဂြိုဟ်ခဲ့တာပါအစ်မရယ်"

"ဟီး ... "

စုဝေကအားရပါးရငိုချလိုက်ရာ ကိုမျိုးက ...

"မငိုပါနဲ့ အစ်မရယ် ... "

"ကိုမျိုး ငါဟာနင့်မိန်းမစုဝေဆိုတာကို နင်ကရုပ်ကြည့်ပြီး ဆုံးဖြတ်တယ်နော် ငါဘယ်လိုပြောပြောနင်မယုံဘူး ... "

စုဝေကငိုသံပါကြီးဖြင့်ပြောတော့ ကိုမျိုးကမျက်နှာကို တစ်ဘက်လွှဲထားပြီး ...

"မနက်ဖြန် စုဝေရက်လည်နေ့ အစ်မဘုန်းကြီးကို မုန့်ဟင်းခါးဆွမ်းကပ်ပြီး အမျှဝေပေးမယ် ... "





"ဟင် ... "

"ရုပ်ရှာထုံးစံအရ လုပ်ရမှာပဲ အစ်မ ... စုဝေသေတော့ အရုပ်ကနာရေးလိုက်ပို့ကြတယ်လေ ...

ရက်လည်မလုပ်လို့ အရုပ်ထဲတစ်ခုခုဖြစ်ရင် အပြစ်တင်ခံနေရပါတယ်"

စုဝေက ... ကိုမျိုးကိုမျက်ရည်တွေကြားက ရှုးရှုးရဲရဲစိုက်ကြည့်ကာ ...

"မလုပ်ရဘူး စုဝေရက်လည်မလုပ်ရဘူး ... "

တင်းမာသောလေသံဖြင့် စကားကိုတစ်လုံးချင်းပြောလိုက်ရာ ကိုမျိုးကဘာမှပြန်မပြောတော့ဘဲ ကွပ်ပျစ်ပေါ်မှဆင်းကာ ထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"အု ... ဂူး ..."

ခွေးတစ်ကောင်၏ အူသံက ကျယ်လောင်စွာထွက်ပေါ်လို့လာသည်။

တိတ်ဆိတ်နေသော ညအမှောင်မှာထွက်ပေါ်လာသည့် ခွေးတစ်ကောင်ရဲ့ "အူ"သံကထူးခြားလွန်းလှသည်။ အခန်းထဲမှာ လှူးလိမ့်နေတဲ့စုဝေ တစ်ယောက် ခွေးအူသံကြောင့် ငုတ်တုတ် ထထိုင်လိုက်၏။

"အု ... ဂူး ..."

ခွေးအူသံက အဝေးမှကြားရာက တဖြည်းဖြည်းအိမ်နှင့် နီးသည်ထက် နီးလို့လာရာ စုဝေစိတ်ထဲတစ်မျိုးဖြစ်လာပြီး အိမ်ရှေ့ ထွက်လာသည်။

အိမ်ရှေ့ခန်းမှာတော့ ကိုမျိုးက ခြေပစ်လက်ပစ် မှူးမှူးနှင့် အိပ်ပျော်နေသည်။

အိမ်ရှေ့ကွပ်လပ်မှာတော့ လူလေးငါးယောက် မုန့်ဟင်းရည်အိုး မွှေနေကြသည်။

စုဝေထွက်လာတာကို သူတို့မမြင်ကြ ...

ဆံပင်ဖရိုဖရဲ အဝတ်အစားနွမ်းနွမ်း ဖိုသီဖတ်သီပုံစံဖြစ်နေသည့်





စုဝေတစ်ယောက်ခွေးအူသံကြားရာဆီသို့ ကြည့်နေရင်း အမှောင်ထဲသို့ ခြေတစ်လှမ်းချင်းလှမ်းလို့သွားသည်။

ခြံအနောက်တက် ကုက္ကိုလ်ပင်ကြီးနားရောက်တော့ ဆက်မလှမ်းတော့ဘဲ ရပ်လိုက်စဉ် ...

"ဟင် ..."

နှာခေါင်းထဲ စူးဝါးသည့်အပုပ်နံ့ရလိုက်၏။

"ချွမ်း ..."

"ဟင် ..."

သစ်ရွက်ခြောက်တို့ကို နင်းလျှောက်လာသည့်အသံကိုကြားလိုက်ရပြီး အရိပ်တစ်ခုကိုမဲမှောင်နေသည့် ကုက္ကိုလ်ပင်နောက်တွင် တွေ့လိုက်ရ၏။

"ဟာ ... ငါ ... ငါ ..."

သူအံ့သြလွန်း၍ အသားတွေတဆက်ဆက်တုန်နေသည်။ တွေ့လိုက်ရသည့် ပုံရိပ်၏မျက်နှာမှာသူ့မျက်နှာဖြစ်နေသည်။

ဘေးပတ်လည်တွင် မြူခိုးလိုလို မီးခိုးဖြူဖြူတွေလိုရစ်သိုင်းနေ၏။

စုဝေက သူ့ကိုငုံ့ကြည့်ပြီး အရိပ်ကိုလှမ်းကြည့်သည်။

"ငါ ... ငါ ... ငါ့မျက်နှာ ..."

စကားလုံးက အထစ်ထစ်ထွက်လာတော့ ပုံရိပ်က ...

"ဟား ... ဟား ... ဟား ..."

အားရပါးရ ရယ်မောသံကြီးက ဟိန်းထွက်လို့လာသည်။

ပြီးတော့ ...

ရုတ်တရက် အရယ်ရပ်သွားသည်။ တင်းမာသောမျက်နှာနှင့်စုဝေအား ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာလေသံကြီးနှင့် ...

"ငါ ... ခန္ဓာ ... ကိုယ် ... ပြန် ... ပေး ... "

"ဟင် ... "

စုဝေ အလွန်အံ့အားသင့်သွားသည်။

"ငါ ... ခန္ဓာ ... ကိုယ် ... ပြန် ... ပေး"

"ဟင့်အင်း ... ကျွန်မက စုဝေပါ ... "

"ဟား ... ဟား ... ဟား"

စုဝေရဲ့စကားကို အားရစွာရယ်မောပြန်သည်။

"ရှင် ... ဘာ ... ဘာရယ်တာလဲ"

"နင်က စုဝေဟုတ်တယ် ... ဒါပေမယ့် ... ဝိညာဉ် ခန္ဓာက ငါ့ခန္ဓာ ငါ့ခန္ဓာ ... အဲဒီခန္ဓာရှိမှငါလူ့ဘဝပြန်လို့ရမှာ"

နင်က ဝိညာဉ်ကဘဝကလူ နင့်ဘဝနင်သွားပါ"

လေသံကကြောက်စရာမကောင်းတော့ပေမယ့် လေချွန်သံလိုလို ဖြစ်နေသည်။

စုဝေက ... အသံတုန်တုန်နှင့် ...

"ဘာမှမဟုတ်ဘူး ... ဝိညာဉ်ဘဝကို ကျွန်မ မသွားဘူး။ ခန္ဓာကိုယ်ချင်းလည်းဘယ်လိုလဲမလဲ ... "

"ဟား ... ဟား"

ရယ်မောသံကြီးထွက်လာပြန်သည်။

"မရယ်နဲ့ ... မရယ်နဲ့ ... "

စုဝေက အသံကုန်ဟစ်ကာအော်တော့ အာခေါင်များ ခြောက်ကပ်





လို့လာသည်။ အရိပ်ကြီးဘေးမှာ အခိုးအငွေ့တွေပို၍တက်လို့လာသည်။ ရယ်သံကိုရပ်လျက် ...

အသံလေးလေးကြီးနှင့် ...

"မနက်ဖြန် ရက်လည်နေ့မှာ အမျှဝေရင် သာဓုခေါ်လိုက်ပါ"

"ဟင် ... သာဓုခေါ်ရမယ်"

"ဟုတ်တယ် ... အဲဒါမှ တို့တွေ့ဘဝမှန်ရောက်ကြမှာ ... "

စုဝေအလွန်စိုးရိမ်သွားသည်။

မျက်လုံးထဲတွင်ကိုမျိုးရဲ့မျက်နှာကို ပြေးမြင်လာသည်။

ထို့ကြောင့် ...

"မခေါ်ဘူး ... "

ခပ်ပြတ်ပြတ်ပြောရာ အရိပ်ကြီးက ...

"ဟား ... ဟား ... သာဓုမခေါ်ရင် နင့်ကို တစ်လပြည့်ရင် ဘာခေါ်မယ် ... "

"ဟင် ... "

ပြောလည်းပြော လက်တစ်ဖက်ကိုဝေ့ရမ်းလိုက်ရာ စုဝေလည်း လေထဲ သွားသလို လွင့်ထွက်သွားလေရာ ကြောက်ရွံ့စွာနင့်ငယ်သံပါအောင် ဟစ်လိုက်လေတော့သည်။

"အား ... "



www.burmeseclassic.com

www.burmeseclassic.com

သာခုမခေါ်နိုင်ဘူး ဆိုတာ ...

အခန်း (၇)

## တရားမနာချင်သူ

"အား ... "

စုဝေရဲ့စူးရှစွာအော်သည့်အသံကြောင့် အိပ်ရှေ့ခန်းမှာ အိပ်ပျော်နေသည့် ကိုမျိုးလန့်နိုးလာသည်။

"အစ်မ ... ဘာဖြစ်တာလဲ"

အခန်းဝမှရပ်၍မေးလိုက်ရာ စုဝေ မျက်လုံးအကြောင်သားနှင့်ဖြစ်နေပြီး –

"အမျှဝေရင် သာခုခေါ်ရမယ်တဲ့ ... ငါ မခေါ်ဘူး ... ငါ မခေါ်ဘူး ... "

ပါးစပ်ကယောင်ယမ်းကာပြောတော့ ကိုမျိုးကဘေးနားထိုင်၍ –

"အ ... အစ်မ ... သတိထားလေ"

"ဟင့်အင်း ... ငါသာခုမခေါ်ချင်ဘူး"

စုဝေက ဘေးက ကိုမျိုးလက်ကို လှမ်းကိုင်ပြီးပြော၏။ ကိုမျိုးက ...



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ... အိပ်မက်,မက်နေတာနဲ့တူတယ် သတိထားလေ ... အစ်မ"

"အင်း ... "

စုဝေက ခဏငြိမ်သွားတော့ ကိုမျိုးကအိမ်ရှေ့သောက်ရေအိုးက ရေတစ်ခွက်ကို သွားခပ်၍ယူလာပြီးစုဝေကိုတိုက်လိုက်သည်။

စုဝေက ... ရေကို တစ်ခွက်လုံးကုန်အောင် သောက်လိုက်ပြီး ...

"ကိုမျိုး ... "

"ဟင် ... "

"မနက် ဘုန်းကြီးကိုမုန့်ဟင်းခါးဆွမ်းကပ်မှာမလား ... "

"ဟုတ်တယ် ... အစ်မ"

ကိုမျိုးက စုဝေအမေးကိုခေါင်းညိတ်ပြလိုက်သည်။

"ဘုန်းကြီးက ... အမျှဝေပေးရင် စုဝေ ... သာဓုမခေါ်ပါရစေနဲ့နော်"

"ဘာ ... ဘာလို့လဲအစ်မ ... "

"ဟင့်အင်း ... စုဝေ သာဓုခေါ်လိုက်ရင် ကိုမျိုးနဲ့ခွဲရမှာ စုဝေ ကိုမျိုးကိုမခွဲနိုင်လို့ပါ ... "

"ဟင်း ... "

ကိုမျိုးက သက်ပြင်းရှည်ကြီးကိုချလိုက်သည်။

"တရားနာရင် စုဝေအဝေးမှာသွားနေမယ်နော် ... "

"အင်း ... "





စုဝေနှင့်စကားဆက်ပြောရင် မသင့်တော့တဲ့အနေအထားကြောင့် ကိုမျိုးလည်း မတ်တတ်ထရပ်၍ အခန်းအပြင်သို့ထွက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလုပ်မလဲ အမေ ... "

ကိုမျိုးက စုဝေအမေကိုအကျိုးအကြောင်းပြောပြတော့ စုဝေ အမေ

က –

"ငါလည်း ဘာမှကိုနားမလည်တော့ပါဘူး – စုဝေ့ဆိုပြီး ရောက်လာ

တဲ့ မိန်းကလေးကရုပ်ကလွဲရင် အားလုံးစုဝေပဲ ...

ငါကမွေးလာတဲ့အမေပိုသိတာပေါ့ ရက်လည်မလုပ်ဖို့လည်း သူ

လာပြောတာလေ ... "

"ဟုတ်တယ် ... ကျွန်တော့်ကိုလည်း ... သာဓုမခေါ်ချင်ဘူး

တဲ့ ..."

"တို့လည်း စုဝေကိုသေသေချာချာသင်္ဂြိုဟ်ခဲ့တာ အရပ်အသိ

အဲဒီကောင်မလေးက သူ့ကိုယ်သူစုဝေပါလို့ပြော နှင့်အိမ်က မဆင်းဖြစ်

တာ မထူးပါဘူးမျိုးရယ်ယူသာယူလိုက်"

စုဝေအမေက အမြင်ကတ်ကတ်နှင့်ပြောမှန်းမျိုးသိသည်။





"အမေ – ကျွန်တော်က သူ့ကိုအိမ်ပေါ်ခေါ်တင်တာမဟုတ်ဘူး"

"ငါသိတယ် သူကတက်လာတာအရပ်ထဲက လူတွေက အတင်း

အမျိုးမျိုး ပြောတာ နားမဆံ့တော့ဘူး မျိုး ... "

"အမေ ... ကျွန်တော်လည်း သူနဲ့ကင်းတယ် ... "

"ကင်းတာမကင်းတာ အသာထား – အဲဒီကောင်မလေး ဘယ်မှာ

လဲ"

"အခန်းထဲမှာ အမေ ... "

"ဘုန်းကြီးကြွလာတော့မယ် – တရားခေါ်နာခိုင်းလိုက် အမှန်နေ

တယ်ဆို တစ်ခါတည်းထွက်သွားအောင် ... "

"ရမှာမဟုတ်ဘူး အမေ ... "

"မရလို့ရမလား ... ငါသွားခေါ်မယ် ဟောဆရာတော်ကြွလာပြီ

မျိုး လုပ်စရာရှိတာလုပ်ထား ငါသွားခေါ်မယ်"

စုဝေအမေက စရိုပ်ခပ်ကြမ်းကြမ်း တစ်သက်လုံးဈေးရောင်းစား

လာတာ စုဝေကလည်း ဒီအမေကမွေးတော့ ဒီပုံစံပဲ ...

"ဟဲ့ ခင်သင်း ... "

"ရှင် ခေါ်လေး ... "

"ဟိုကောင်မလေးရှိတယ်မလား ခေါ်လိုက်စမ်း ... "

"ဟာခင် ... မှာတ်ကဲ့ ... "

သိပ်မကြာပါဘူး ခင်သင်းအခန်းထဲက စုဝေထွက်လာသည်။

"ဟဲ့ ... တရားနာရမယ်လာ ... "

"ဟင့်အင်း ... မနာချင်ဘူး အမေ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် ..."

အမေ့ရဲ့အသံကြောင့် စုဝေလန့်သွားသည်။ အမေ့ကိုတော့ စုဝေလန့်၏။ လူလယ်ခေါင်လည်းမထင်ရင်မထင်သလိုထချတာ ...

"ငါ့စကားနားမထောင်ရင် ... ငါ့အကြောင်း ... နင်သိတယ်နော် ..."

"ဟုတ် ..."

စုဝေလည်း သူ့အမေနောက်မှ ခပ်ကုတ်ကုတ် လိုက်လာခဲ့တော့သည်။



အခန်း (၈)

# ဝိညာဉ်ခံရတဲ့အမျှဝေသံ

အမျှဝေသံကြားရ၍ တစ်ကိုယ်လုံး
မှုလောင်လာပြီး
အသားတွေတဆက်ဆက်
တုန်လာ၍ ---

www.burmeseclassic.com

www.burmeseclassic.com

"ကဲ ... ဒကာ ... သေဆုံးသူ ဒကာရဲ့ဇနီးမစုဝေကို အမျှဝေပေးရအောင်"

"တင်ပါ့ဘုရား ..."

ဆရာတော်က ကိုမျိုးကို မိန့်လိုက်ရာကိုမျိုးက ...

"စုဝေနှင့်တကွအားလုံး ကြားကြားသမျှ ... အမျှ ... အမျှ ... အမျှ ယူတော်မူကြပါ ..."

"သာဓု ... သာဓု ... သာဓု ..."

အားလုံးသောတရားနာသူတွေက သာဓုခေါ်ပေမယ့် စုဝေက နောက်ဆုံးထောင့်မှာထိုင်၍ အံကိုတင်းတင်းကြိတ်ထားသည်။

သူ့ရင်ထဲမှာလည်းကတုန်ကယင်ဖြစ်ကာ ဝမ်းနည်းသလိုလိုဖြစ်လာ၏။

"ဟင်း ... ဟင်း ... ဟင်း ..."

အသံရှုံ့သံက တဖြည်းဖြည်းပြင်းလို့လာလေရာ အသားများ တဆက်ဆက်တုန်လာသည်။





"စုဝေနဲ့တကွ ... အားလုံးကြားကြားသမျှ ... အမျှ ... အမျှ အမျှ ယူတော်မူကြပါ ..."

"သာဓု ... သာဓု ... သာဓု ..."

ကိုမျိုးရဲ့အမျှဝေသံနှင့်အတူ အားလုံးသာဓုခေါ်ကြစဉ် စုဝေ သူ့ခန္ဓာကိုယ်ကိုမလဲပြိုစေရန် ထိန်းထားရသည်။

နဖူးမှာလည်း ချွေးသီးများထွက်လာသည်။

တစ်ကိုယ်လုံးလည်းချွေးများရွှဲနစ်လို့နေ၏။

ကိုမျိုးက . . . နောက်ဆုံးအကြိမ် အမျှဝေမှာမို့ အသံကိုမြှင့်၍ ...

"စုဝေနဲ့တကွ အားလုံး ကြားကြားသမျှ ... အမျှ ... အမျှ ... အမျှ ယူတော်မူကြပါ ..."

"သာဓု ... သာဓု ... သာဓု ..."

အားလုံးရဲ့သာဓုခေါ်သံအဆုံးတွင် ...

"ဝုန်း ..."

"ဟင် ..."

"ဟာ ..."

ပစ်လဲကျသွားသည့် စုဝေရဲ့လဲပြိုသံကြောင့် တရားနာနေသူ အားလုံး အံ့အားသင့်သွားသည်။

စုဝေက မျက်လုံးကြီးပြူး၍လန့်နေသလို ပါးစပ်ကလည်း အမြှုပ်များ ထွက်နေသည်။

"အား ... ပူ ... ပူတယ် ... ပူလိုက်တာ ... ကို ...



www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုး''

ကိုမျိုးက စုဝေဘေးနားလာ၍ ပွေ့ထားလိုက်သည်။

''အား ... ပူလိုက်တာ ... ကိုမျိုးရယ် ... ''

''အစ်မ ... သတိထားလေ ... ''

''ဟင်း ... ဟင်း ... ''

စုဝေရဲ့ အသက်ရှူသံကမြန်လွန်းနေသည်။ ဆရာတော်က ပြန်ကြွခါနီး ကိုမျိုးပွေ့ထားသည့် စုဝေနှာဖူးကိုလက်နှင့်အသာစမ်း၍ ...

''အတော်အစွဲကြီးတဲ့ မိန်းကလေးပဲ ... ဘဝသစ်ကို မသွားနိုင်သေးဘဲ အဟောင်းကိုစွဲကပ်ထားတယ်

အေးလေ ... သံသရာခရီးကိုသွားရမှာအရှည်ကြီးမလား ကံစီမံတဲ့ အတိုင်းပေါ့ကွယ် ... ''

ပြောကာ ပြန်ကြွသွားသည်။ စုဝေရဲ့ပါးစပ်က ...

''တပည့်တော်မကို မနှင်ပါနဲ့ဘုရား ... တပည့်တော်မကို မနှင်ပါနဲ့ ဘုရား ... တပည့်တော်မကိုမနှင်ပါနဲ့ဘုရား ... ''

တတွတ်တွတ်ရွက်ကာ လဲကျမေ့မျောသွားသည်။

''ဘယ်လိုလုပ်မလဲ အမေ ... ''

''ဘယ်လိုလုပ်ရမလဲ ပယောဂဆရာဆီခေါ်သွားလိုက်ပါ ဒီကောင်မ လေးရဲ့ခန္ဓာကို စုဝေလိပ်ပြာကပ်နေတာလေ ...

ခွာအောင်လုပ်မှဖြစ်မှာပေါ့ ... ''

''ဟုတ်တယ်မျိုး ... ဟိုဘက်လမ်းကဘိုးတော်ဆံရှည်ဆီပို့လိုက်''

''ဝါ ... ဆိုက္ကားသွားထုတ်လိုက်မယ်''





''အေး ... အေး''

တစ်ယောက်တစ်မျိုးပြောကြပြီး ဖိုးခွားကဆိုက္ကားသွားယူပြီးပြန်လာ တော့ ကိုမျိုးကစုဝေကိုပွေ့၍ ဆိုက္ကားပေါ်တင်ကာ ပယောဂဟုဆရာအိမ်သို့ ထွက်လာကြသည်။

ကိုမျိုး ထွက်သွားတာကို စုဝေအမေကကြည့်၍ ...

''စုဝေ ... စုဝေ ... သေပြီးတာတောင်နိုပ်စက်တယ် ... ငမျိုးလို အရက်သမားကိုဘယ်လိုအစွဲနဲ့ ကပ်နေတာလဲမသိဘူး ...

ဟိုကောင်မလေးကလည်း ဘယ်လိုကနေဘယ်လို ရောက်လာ မှန်းကိုမသိတာ ... ငမျိုးတို့စန်းပဲထတာလား စခန်းပဲကြွမှာလားမသိဘူး တစ်ခုခုတော့တစ်ခုခုပဲ''

''စခန်းကြွဖို့များတယ် ဒေါ်လေးရဲ့''

''ဟဲ့ ... ကြွက်စခန်းကြွလည်းတန်တယ် ... ဟိုကောင်မ လေးရုပ်က အပျံစားလေ ... ''

ဖိုးလုံးကဝင်၍ ...

''ငမျိုးက အရက်သာသောက်တာ မိန်းမကိစ္စဝါသနာမပါဘူးဆိုတာ ကျွန်တော်သိတယ်ဒေါ်လေး ... ''

''အမဲမကြိုက်တဲ့သရဲမရှိပါဘူး ဖိုးလုံးရယ် ... ဒီကောင် စုဝေသေပြီး ရက်လည်တာ အခုမှမလား ... ကောင်မလေးကလည်း သူ့မယားစုဝေဆိုပြီး အိမ်ပေါ်တက်နေတော့ ဒီကောင်ဘယ်လောက် တောင့်ခံမှာလဲ ...

ငါကတော့ အနေသာကြီးငါ့သမီးလည်းသေပြီ သံမက်ဆိုတာ မြေဘာမှ မဟုတ် သူလုပ်ချင်ရာလုပ် ငါနဲ့မဆိုင်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



စုဝေအမေရဲ့ အသံကျယ်ကျယ်နှင့်ပြောတာကို နာရေးမှာ မုန့်ဟင်းခါး လာစားသူတွေကခေါင်းတညိတ်ညိတ်လုပ်၍သာ နေလေတော့သည်။



အိမ်ကလေးက ပေလေးဆယ်ခြံထဲမှာသေးငယ်ပေမယ့် သပ်သပ်ရပ် ရပ်ဆောက်လို့ထားသည်။

အိမ်ပေါ်ရှိဘုရားခန်းဓာတ်ခန်းမှာသေသေသပ်သပ်လှပသလို ဘိုးတော်ဆံရှည် တစ်ယောက် ပယောဂစွဲကပ်နေသော ရောဂါသည်တို့ကိုကုသပေးရာနေရာလည်း ဖြစ်၏။

ဘုရားစင်ပေါ်တွင် အုန်းပွဲတစ်ပွဲထိုးထားပြီး ပန်းရေချမ်းဆီမီးတို့ကို သေသေဝေဝဆာဆာကပ်လှူထားသည်။

ဘုရားစင်၏ညာဘက်ဘေးမှာတော့ ထွက်ရပ်ပေါက်ဝိဇ္ဇာထိုများ၏ ပုံတော်များရုပ်ထုများကို စင်ပေါ်တင်ကာကိုးကွယ်ထားသည်။

ထိုစင်ပေးတွင်လည်း ပွဲများကိုအစဉ်လိုက်ထိုးလို့ထား၏။ ဘိုးတော် ဆံရှည်ဆိုတာ ဒီရပ်ကွက်ဝန်းကျင်မှာနာမည်ကြီး ပယောဂရောဂါ စုန်းတိုက် ဘော်တိုက် ကဝေတိုက် ပုဏ္ဏကတိုက် ကျွဲတိုက် နွားတိုက် ခွေးတိုက် ကြောင် တိုက်စတဲ့အတိုက်တွေသာမက အင်း၊ စမ စတာတွေကိုပါ နိုင်နင်းတဲ့ ဆရာ ..



www.burmeseclassic.com

www.burmeseclassic.com



လူပျောက် ကျွဲပျောက် နွားပျောက်အပြင် မိစ္ဆာအတတ်ပညာဖြင့် ပြုစားခံရသူတွေကိုနိုင်နင်းစွာ အမိန့်ပေးရုံဖြင့်ပြေးကြရသည်။

ကိုမျိုးကဆိုကြားကို ဘိုးတော်ဆံရှည်အိမ်ရှေ့ရပ်လိုက်ပြီး စုဝေကိုမွေ့ ... ကာ အိမ်ပေါ်ခေါ်လာသည်။

ဘိုးတော်ဆံရှည်က ဘုရားစင်ရှေ့မှာပုတီးစိပ်နေရင်းနောက်သို့လှည့် မကြည့်ဘဲ ...

"ဩော် ... ဒုက္ခသည်ရောက်လာပြီကိုး ... "

ပြောလိုက်ရာ ကိုမျိုးသတိလစ်နေသည့် စုဝေအားဘိုးတော်ဆံရှည်၏ နောက်နားတွင် အသာလှဲချလိုက်ပြီး ဘိုးတော်အားလက်အုပ်ချီ၍ ...

"အဘ _ သူဘာဖြစ်သွားတာလဲမသိဘူး တရားနာပြီးသတိလစ်သွား တယ်"

ပြောလိုက်၍ ဘိုးတော်ကပုတီးကိုလည်ပင်းစွပ်ပြီး သူတို့ဘက်သို့ထိုင် လျက်အနေအထားကပင် တဖြည်းဖြည်းလှည့်လာသည်။

သူ့ရှေ့မှာ ပက်လက်အနေအထားဖြစ်နေသည့် စုဝေအားမှေးစင်းသော မျက်လုံးဖြင့်ကြည့်၍ ကိုမျိုးအား ...

"သောက်ရေတစ်ခွက်သွားခပ်စမ်း ... "

"ဟုတ် ... ဟုတ်ကဲ့ ... "

ကိုမျိုးက အိမ်ထောင့်သောက်ရေအိုးစင်က ရေစင်တစ်ခွက်ကိုခပ်ပြီး ဘိုးတော်အားတရိုတသေပေးလိုက်သည်။

ဘိုးတော်ကရေခွက်ကို သူ့ပါးစပ်နှင့်တော့လျက်မန်းမှုတ်နေ ... ခဏကြာ တော့ စုဝေမျက်နှာပေါ်လောင်းချလိုက်ရာ ...





"အင်း ... ဟင်း ... ဟင်း"

စုဝေရဲ့အသံထွက်လာပြီး သတိပြန်ရကာ ထထိုင်လိုက်၏။ ဘိုးတော်က ပြုံးလျက် ...

"မင်း ... ဘယ်သူလဲ ... "

"စုဝေပါ ... "

ဘိုးတော်မေးတာကို စုဝေကဖြေလိုက်သည်။ လက်အုပ်တော့မချီတရို တသေတော့ထိုင်နေသည်။

"မင်း ... စုဝေမဟုတ်ပါဘူး ... "

ဘိုးတော်ကပြောတော့ စုဝေက ...

"ကျွန်မစုဝေပါ ဒီကကိုမျိုးရဲ့မိန်းမလေ ... "

"စုဝေကသေသွားပြီ ... ဒီနေ့ပဲရက်လည်တယ် မင်းတကယ်မသိဘူး လား"

"သိ ... သိပါတယ် ... "

စုဝေကခေါင်းကိုစိုက်လျက်ဖြေလိုက်၏။

"သိရဲ့သားနဲ့ဘာလို့မခွာသေးတာလဲ _ လိမ်ပြောရင် ဒုက္ခရောက်တာ ပေါ့ မင်းဘာလို့ ဒီလိုလုပ်ရတာလဲ ပြောစမ်း ... "

ဘိုးတော်ရဲ့လေသံက တင်းမာစွာပြောတော့ စုဝေရင်ထဲအလွန် ...မ်းနည်းလို့လာပြီး ...

"ဟင့် ... ဟင့် ... ဟင့် ... "

အားရပါးရရှိုက်ငိုလေသည်။

ဘိုးတော်က ...



www.burmeseclassic.com

www.burmeseclassic.com



"ငိုပစ် ... အားရအောင်ငိုပစ်လိုက် ... "

"ဟင့် ... ဟင့် ... ဟင့် ... "

စုဝေရဲ့ရှိုက်သံနှင့်အတူ ပါးပေါ်သို့မျက်ရည်များစီးကျလို့နေသည်။ ခဏ

ကြာတော့ ဘိုးတော်က ...

"မင်းမှာ လုပ်စရာရှိသေးတယ်ဆိုတာငါသိတယ် - သေနေ့မစေ့

သေတော့ နောက်ဆံတင်းနေတာပေါ့ ကဲပါလေ - မင်းကိုအချိန်တစ်လပေးမယ်

မင်းလုပ်စရာရှိတာ ဖြစ်အောင်လုပ်တော့ ... "

"ဟုတ်ကဲ့ပါ ... "

စုဝေခေါင်းလည်းညိတ် လက်အုပ်ကလေးချီကာ ဘိုးတော်အာ

ထိုင်ရှိခိုးတော့သည်။

"ကဲ ... ဟော့ ငါပြန်ကြွမယ် မင်းတို့လည်းသွားတော့ ... "

ဘိုးတော်က ဘုရားစင်ဘက်ပြန်လှည့်တော့ ကိုမျိုးနှင့်စုဝေလည်

ဦးချကာအိမ်လေးပေါ်မှဆင်း၍လာခဲ့တော့သည်။



အိပ်ပြာကိုသချိုင်းပြုနန်းမဝိုရင်
ဝေစိဒိတ်လှေး --- ကို

# အခန်း (၉)
# နှုတ်ဆက်လိမ့်မယ်

www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေ လူတွေအများကြီးမုန့်ဟင်းခါးလာစားတာ ဘာလုပ်တာလဲ ဟင်"

သမီးလေး သဏ္ဍာန်သင်းရဲ့အမေးကို အာကာထက် ဘယ်လို ဖြေရမှန်း မသိအောင်ဖြစ်နေသည်။

"ဖေဖေ ပြောလေ"

"ဘာကိုလဲ သမီးရဲ့ ..."

"သမီးမေးတာကိုပါ ..."

အာကာထက်က သမီးလေးခေါင်းအသာပွတ်လျက် ...

"သမီးလေး မေမေအတွက်အလှူလုပ်ပေးတာပေါ့သမီးရဲ့"

"မေမေ့အတွက် ..."

"ဟုတ်တယ်သမီးရဲ့ ... သမီးမေမေ ကုသိုလ်ရအောင် လေ ..."





သဏ္ဍာန်သင်းက ငြိမ်၍ စဉ်းစားနေသည်။ ခဏကြာတော့ ...

"မေမေ ကုသိုလ်ရအောင် မေမေကသူကိုယ်တိုင်ဘာလို့ လူတွေကို လာမကျွေးတာလဲ"

"ဟင်"

အာကာထက်ဘယ်လိုဖြေရမှန်းမသိ ‐ စကားလမ်းကြောင်း လွှဲသည့် အနေဖြင့် ...

"သမီး ဘွားဘွားဆီသွားလိုက်ဦး၊ ဖေဖေအလှူလာတဲ့ လူတွေကိုဧည့်ခံလိုက်ဦးမယ်"

သဏ္ဍာန်သင်းအား အာကာထက်အသာအယာတွန်းလွှတ်လိုက်ပြီး ရောက်လည်လာသည့် လူများကိုလိုက်ဧည့်ခံလိုက်သည်။

နားရေးလာသည့် လူများကလည်းအများအားဖြင့် ကိုယ်ပိုင် ကားများ မြင့်လာကာ ငွေကြေးကြွယ်ဝသူများကြသည်။

အာကာထက်က အကုန်လုံးကိုဖော်ရွေစွာလိုက်ဧည့်ခံသလို သေဆုံးသူ အနိုးအတွက် ကုသိုလ်ရအောင်လိုလေးသေးမရှိကျွေးမွေးသည်။

မျိုးအောင်ကလည်း အာကာထက်လိုသမျှကိုအကုန်ဖြည့်ဆီးပေး သည်။

"ကိုမျိုးအောင် ခင်ဗျားသူငယ်ချင်းကိုစိတ်မလေးစေနဲ့ဦး ... သူ့ခမျာ အင်မတန်ချစ်တဲ့ဇနီးသည်ရုတ်တရက်ဆုံးသွားတော့ သောကတွေ များနေပုံရ တယ်"

"ဟုတ်တယ် ကိုစိုး ... ကျွန်တော်လည်း တတ်နိုင်သလောက် ဆိုနီးပါတယ် အာကာထက်စိတ်မာပါတယ် သူ့ဘဝထိခိုက်လောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ခွတ်မကျလောက်ပါဘူး ... ''

မျိုးအောင်ကပြောတော့ ကိုစိုးဆိုသည့် သူတို့မိတ်ဆွေက ...

''ဖြေစရာလေးတွေ ရှာပေးလိုက်ပါဗျာ ... ''

''ကျွန်တော်တို့နှစ်ယောက်လုံး အဲဒီကိစ္စဝါသနာမပါဘူး''

''ဟုတ်ပါတယ် ကျွန်တော်ကနောက်တာပါ ... ''

ကိုစိုးကပြောတော့ မျိုးအောင်လည်း ကိုစိုးနဲ့စကားဆက်ပြောလိုခြင်းမရှိတာကြောင့် တခြားဝိုင်းကဧည့်သည်များကိုသွားရောက် ဧည့်ခံနေလိုက်သည်။

နေ့လည်ရောက်တော့ ဧည့်သည်များရှင်းသွားသဖြင့် မျိုးအောင်နှင့်အာကာထက်လည်း ဆိုဖာထိုင်ခုံပေါ်ခြေပစ်လက်ပစ်ထိုင်လိုက်သည်။

''အာကာ''

''ပြော ... မျိုးအောင်''

အာကာထက် ဆိုဖာဆက်တီထိုင်ခုံနောက်ကျောကိုမှီထားရင်း မျက်စိမှိတ်လျက် မျိုးအောင်ကိုပြော၏။

မျိုးအောင်က ...

''ဒီည သစ္စာဖြူရက်လည်ညနော်''

''ဟုတ်တယ်လေ ... ဘာဖြစ်လဲ ... ''

''ရက်လည်ညဆိုရင် သတိတော့ထားကွာ ငါကြားဖူးတာက သေသူတွေဟာ အဲလိုညတွေဆိုလာနှုတ်ဆက်ဟတ်တယ်တဲ့ ... ''

''ဘာဖြစ်လဲကွာ ငါ့မိန်းမကငါ့ကိုနှုတ်ဆက်တာပဲ နှုတ်ဆက်တော့တွေ့ရတာပေါ့ ... ''





''ဟင်း ... ''

မျိုးအောင်သက်ပြင်းချလိုက်သည်။ အာကာထက်က သူ့မိန်းမကိုအလွန်ချစ်မှန်း မျိုးအောင်သိသည်။ သစ္စာဖြူ အခုလို ရုတ်တရက်ဆုံးသွားတော့ အာကာထက်ဘယ်လိုခံစားရမည်ဆိုတာ ကိုလည်းသိ၏။

''မျိုးအောင် မင်းနဲ့ငါဖြူရဲ့ပန်းချီပုံကို ကားကိုဒေါင်ထဲထည့်ထားတယ်မလား''

''အေးလေ ... မင်းပဲထည့်လိုက်ဆို သေချာထောင်ထားတာပါ''

''အေး ... မနက်ဖြန်အဲဒီပန်းချီကားကိုကြည့်ရမယ် ... ''

''ဘာဖြစ်လို့လဲ အာကာ''

မျိုးအောင် ကိုယ်ကိုမတ်လျက်မေးလိုက်၏။

''ငါ့စိတ်ထဲမှာ တစ်ခုခုထူးခြားမယ်လို့ထင်တယ်မျိုးအောင်''

''သက်မဲ့ ပန်းချီကားက ဘာထူးခြားစရာရှိမှာလည်း စိတ်ထဲ စွဲမနေပါနဲ့ကွာ ... ''

''မင်း စောင့်ကြည့်လိုက်''

အာကာထက်ခိုင်မာသည့် ပုံဖြင့်ပြောတော့ မျိုးအောင် ငြိမ်နေလိုက်သည်။

ထိုစဉ် ...

သူတို့နှစ်ယောက်နားသို့ အာကာထက်အလုပ်ထဲက ကောင်လေးရောက်လာပြီး ...

''ဆရာ့ကို သတိပေးစရာရှိလို့''

''ဘာများလဲ ကိုပိုင် ... ''



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့အမျိုးသမီးရဲ့ လိပ်ပြာကိုခေါ်လာတဲ့လိပ်ပြာပန်းကို သချိုင်းပြန်ပို့ဖို့မေ့မှာစိုးလို့ သတိလာပေးတာ"

အာကာထက်က သစ္စာဖြူခေတ်ပုံမှန်ဘောင်ရှေ့တွင် ပန်းကန်ပြားထဲ ထည့်ထားသည့် နှင်းဆီပန်းပွင့် နွမ်းနွမ်းလေးဆီ အကြည့်ရောက်သွားသည်။

အလုပ်သမားကောင်လေး ကိုပိုင်က ...

"လိပ်ပြာကို သချိုင်းပြန်မပို့ရင်ဝိညာဉ်ကအိမ်မှာနေမှာနော် အဲဒီ့ကျရင် တစ်အိမ်လုံးချောက်ချားစရာတွေဖြစ်ကုန်မှာ ... "

"အေးပါကွာ ငါသွားပို့လိုက်ပါ့မယ်"

"ပို့ရင် ညနေစောင်းပို့လိုက်ဆရာ အဲဒီအချိန်မှပို့လို့ရတာ"

"အေး ... အေး ... "

အာကာထက်က ခေါင်းညိတ်လိုက်တော့ ကိုပိုင်လည်း လုပ်စရာရှိတာများလုပ်ရန်ထွက်သွားသည်။

မျိုးအောင်ကစဉ်းစားမိဟန်ဖြင့် ...

"အာကာ သချိုင်းကိုဖုန်းဆက်ကြည့်ဦး"

"ဘာကိစ္စလဲ ... "

"သစ္စာဖြူအလောင်းကပျောက်နေတာလေ သဂြိုဟ်ရသေးတာမဟုတ်ဘူး မသဂြိုဟ်ရသေးရင်ပြဿနာရှိတယ်"

"ဘာ ပြဿနာ ... "

အာကာထက်က နားမလည်၍မေးလိုက်၏။

"တို့အလောင်းမပါဘဲ အခေါင်းပဲသဂြိုဟ်ခဲ့တာ၊ သစ္စာဖြူအလောင်းက ရှာမတွေ့သေးလို့ မသဂြိုဟ်မိရင် ဒုက္ခပေးမှာနော်"





"ငါဘယ်လိုလုပ်ရမလဲ ... "

"မပြောတတ်ပါဘူးကွာ ... သုသာန်ကလူတွေကိုသာ အလောင်း တွေ့အောင်ရှာဖို့တွန်းအားပေးလိုက်တွေ့လည်း ရှင်မှာတော့မဟုတ်ဘူး ဆိုပေမယ့် သဂြိုဟ်လိုက်ရင် ကိစ္စတစ်ခုပြီးတာပေါ့ ... "

"အေးပါ ငါဖုန်းဆက်လိုက်ပါ့မယ်"

အာကာထက်က မျိုးအောင်ကိုဖြေပြီး ထိုင်ခုံပေါ်ပက်လက်လှန်ချကာ မျက်စိကိုမှိတ်ပြီး ငြိမ်သက်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေ . . .

မေမေဟိုမှာငိုနေတယ်

မေမေကိုခေါ်လိုက်ပါ ဖေဖေရယ် . . .

## အခန်း (၁၀)
## လိပ်ပြာပို့တဲ့ညနေ

"ဖေဖေ ... ဘယ်သွားမလို့လဲ သမီးလည်းလိုက်မယ်"

အာကာထက်က ကားပေါ်ရောက်ပြီး စက်နှိုးလိုက်စဉ် သဇ္ဇာခန်သင်းက ကားနားသို့ပြေးလာကာ လိုက်ချင်လို့ပူဆာတော့သည်။

"မလိုက်ပါနဲ့ သမီးရယ် ... ဖေဖေပြန်လာရင် မုန့်ဝယ်လာမယ် နော်"

"ဟင့်အင်း ... မရဘူးလိုက်မှာပဲ"

သဇ္ဇာခန်သင်းကခြေထောက်တစ်ဘက်ကို ဆောင့်ကာငိုမဲ့မဲ့နှင့် ငိုလေ၏။ အာကာထက်က သင်္ချိုင်းသို့သွား၍ သစ္စာဖြူ၏လိပ်ပြာကို ခေါ်လာသော လိပ်ပြာပန်းသွားထားမည်ဖြစ်၍ မခေါ်လိုအချိန်ကလည်း မိုးချုပ်တော့မည်။

"နေခဲ့ပါ သမီးရယ်၊ ဖေဖေ မကြာပါဘူး ... ခဏနေ့ရင်ပြန်လာ မှာ"

"ဟင့်အင်း ... ဟီး ... "

သဇ္ဇာခန်သင်းက အားရပါးရငိုချလိုက်သည်။ အာကာထက်လည်း



www.burmeseclassic.com

www.burmeseclassic.com

ကားစက်ကိုသပ်လျက် ကားပေါ်မှပြန်ဆင်းကာ သဏ္ဍာန်သင်းကို ချီ၍ ချော့လိုက်သည်။

"သမီးကိုခေါ်လို့မရလို့ပါ သမီးရယ် ... ဖေဖေ့သမီးက လိမ္မာပါတယ်"

"ဟင့် ... ဟင့် ... "

သဏ္ဍာန်သင်းကတော့ ငိုရှိုက်လို့နေဆဲ ...

ထိုစဉ် ...

အိမ်ထဲမှမျိုးအောင်ထွက်လို့လာပြီး အာကာထက်တို့ သားအဖ အနားရောက်လာသည်။

"သမီး ဘာဖြစ်လို့ငိုနေတာလဲ"

သဏ္ဍာန်သင်းကိုကြည့်၍မေးလိုက်ရာ အာကာထက်က ...

"ငါ့နောက်လိုက်မလို့တဲ့ကွာ ... "

မျိုးအောင်က ခေါင်းညိတ်ပြလိုက်သည်။

လိပ်ပြာပန်းကို သချိုင်းသွားထားမယ်ဆိုတာကို ... မျိုးအောင်သိသည်။

ထို့ကြောင့် ...

"ဖေဖေက အလုပ်ကိစ္စနဲ့အပြင်သွားမှာ သမီးရဲ့ မလိုက်ရဘူးနော်၊ လာ ဦးနဲ့မုန့်သွားစားမယ်"

"ဟင့်အင်း ... မစားဘူး ဖေဖေနဲ့ပဲလိုက်သွားမှာ"

အာကာထက်ကိုယ်ပေါ်ကနေ မျိုးအောင်ဆီသို့ သဏ္ဍာန်သင်းက လိုက်ပါခြင်းမရှိ။





"ဟင်း"

အာကာထက်က သက်ပြင်းကိုချလျက် ...

"ကဲ ... လိုက်သာလိုက်ခဲ့တော့ ထားခဲ့လို့လည်းရမှာမှ မဟုတ်တာ"

"ရပါတယ်ကွာ ... မငိုနဲ့တော့သမီး ငြိမ်ငြိမ်လေးသာလိုက်ခဲ့တော့"

သဏ္ဍာန်သင်းက အာကာထက်လည်ပင်းကိုလက်နှင့်ဖက်လျက် ပါးကို နမ်းလိုက်သည်။

မျိုးအောင်က ...

"ကလေးကိုတော်တော်အလိုလိုက် နောက်ဆိုမင်းဘာအလုပ်မှ လုပ်လို့ရမှာမဟုတ်ဘူး"

"မတတ်နိုင်ဘူးကွာ သမီးလေးငိုရင်ငါမနေတတ်ဘူး ... "

အာကာထက်က သဏ္ဍာန်သင်းကိုကားထဲထည့်ရင်း ပြောလိုက်၏။

"ဒီညတော့ စောင့်အိပ်မယ့်သူတွေရှိမှာမဟုတ်ဘူး"

"ဘာလို့လဲ မျိုးအောင်"

"ရက်လည်ညဆိုတော့ သန်းခေါင်းကျော်ရင် တံခါးပိတ်အိပ်လို့ ရပြီမလား ကောင်လေးတွေလည်းပင်ပန်းပြီလေ ... "

"အေးလေ ... ဟုတ်ပါတယ် ... "

အာကာထက်က ကားမောင်းထွက်မည်အပြု မျိုးအောင်က လှမ်း၍ –

"အာကာ ဟိုဟာပါလာတယ်မလား ... "

"ပါမှာ ... "


www.burmeseclassic.com

www.burmeseclassic.com



အာကာထက်က ကားနောက်ခန်းကိုမေးဆတ်ပြလိုက်ရာ နှင်းဆီပန်းနွမ်းနွမ်းလေးက နောက်ခန်းဆိုဖာထိုင်ခုံပေါ်တွင်ရှိနေတာကို တွေ့လိုက်ရသည်။



"ဟင် ... "

အာကာထက်က ကားမောင်းနေရင်း နောက်ကြည့်မှန်ကို ရုတ်တရက် အကြည့်ရောက်သွားရာ မိန်းမတစ်ယောက်ထိုင်နေတာကို အမှတ်တမဲ့ တွေ့လိုက်သည်။

သေချာကြည့်လိုက်တော့ မတွေ့ရ ...

သဏ္ဌာန်သင်းက သူ့အဖေကိုကြည့်ပြီး ...

"ဖေဖေ ဘာလဲဟင်"

"ဘာ ... ဘာမှမဟုတ်ပါဘူး သမီး"

သဏ္ဌာန်သင်းကပြုံးလျက် ...

"ဖေဖေ့ပုံစံက မေမေ့ကိုတွေ့လို့ဝမ်းသာသွားတဲ့ပုံပဲ"

"ဟင်"

အာကာထက်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

"ဖေဖေ အခုဘယ်သွားမှာလဲဟင်"

"ဒီနားပါ သမီးရဲ့"

ဒိုရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်သင်းက သူ့နှာခေါင်းလေးကိုတရှုံ့ရှုံ့လုပ်ရင်း ...

"ဖေဖေ ... မေမေ ကားပေါ်ပါလာတယ် ... "

"ဘာ ... ဘယ်လို ... "

"ဟုတ်တယ် မေမေ့ကိုယ်နံ့ရတယ် မွှေးနေတာပဲ"

"ဟင်"

အာကာထက် ကြက်သိမ်းထလို့သွားသည်။ သမီးလေးကတော့ စကားပြောနေတာပုံမှန်အတိုင်း ကားနောက်ခန်းလှမ်းကြည့်၍ နှင်းဆီ ပန်းပွင့်လေးကို တွေ့၍ ...

"ဟို ... ဟိုမှာ မေ့မေပန်တဲ့ ပန်းပွင့်လေး"

"ဟာ ... သမီးငြိမ်ငြိမ်ထိုင်နေစမ်း"

အာကာထက်ကအဲသံမာမာနှင့် လှမ်းဟောက်လိုက်၏။

သဏ္ဍာန်သင်းက မျက်နှာလေးမဲ့ကာ ထိုင်ခုံမှာထိုင်နေလိုက်သည်။

အာကာထက်က ...

"ကားပေါ်မှာပေါက်ကရမပြောရဘူး သမီးရဲ့ ငြိမ်ငြိမ်ထိုင်စီးရတယ်"

"မေမေ အကြောင်းပြောတာ ပေါက်ကရပြောတာမှ မဟုတ်တာ"

စကားတတ်တဲ့ သမီးလေးကြောင့် အာကာထက် ပြုံးလိုက် သည်။

ကားနောက်ကြည့်မှန်ကို တစ်ချက်တစ်ချက်ကြည့်သော်လည်း ဘာမှ ထူးခြားမလာတော့။

သင်္ချိုင်းဝရောက်သောအခါ အလင်းရောင်က မကျန်တော့ လောက် အောင် အမှောင်ကများနေသည်။

ကားကိုသင်္ချိုင်းဝမှာရပ်၍ အထဲသို့နှင်းဆီပန်းပွင့်လေးကို ကိုင်ကာ





လာခဲ့သည်။ သမီးလေးကိုတော့ ကားပေါ်မှာပင်ထားခဲ့လိုက်သည်။

သင်္ချိုင်းဝမလှမ်းမကမ်း ကုက္ကိုလ်ပင်ကြီးနားရောက်တော့ နှင်းဆီပန်း ပွင့်လေးအား ကုက္ကိုလ်ပင်အခြေမှာအသာချလိုက်ပြီး ...

"ဖြူ ... မင်း ဒီမှာနေခဲ့တော့နော် ... "

"ရှဲ ... "

"ဟင် ... "

လေမတိုက်ဘဲ လှုပ်ရမ်းသွားသည့်အပင်ကြီးကြောင့် အံ့ဩသွားတဲ့ အာကာထက်တစ်ယောက် ဆက်မနေတော့ဘဲ အပင်ကိုကျောခိုင်းကာ ထွက်လာစဉ် ...

"ဟင် ... "

အနံ့တစ်ခု သူ့မိန်းမသစ္စာဖြူရဲ့ကိုယ်သင်းရနံ့ ... ခေါင်းကို အသာ ရမ်းကာ ခြေလှမ်းသွက်သွက်နှင့်ကားဆီလျှောက်လာခဲ့သည်။

သမီးလေးက သူလာတာကိုမြင်၍ လှမ်းပြီး ...

"ဖေဖေ မေမေ့ကိုဘာလို့ဟိုအပင်ကြီးအောက်မှာထားခဲ့တာလဲ ... မေမေငိုနေတယ်"

"ဟင် ... "

ကလေးစကားကြောင့် အာကာထက်အပင်ကြီးဆီသို့ လှမ်းကြည့်ရာ ဘာမှမတွေ့ရ ...

သဏ္ဍာန်သင်းကတော့ အပင်ကြီးရှိရာသို့လှမ်းကြည့်၍ ...

"မေမေ ... "

အသံကျယ်လောင်စွာနှင့် လှမ်းခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဘာဖြစ်နေတာလဲ ... သွားမယ် ငြိမ်ငြိမ်ထိုင်နေ ... "

အာကာထက်က ကားပေါ်တက်ရန် ကားတံခါးဖွင့်ရင်းပြောလိုက်သော်။

သဏ္ဌာန်သင်းက ငိုမဲ့မဲ့နှင့် ...

"ဖေဖေ ... မေမေ့ကိုခေါ်လာခဲ့ မေမေဟိုမှာငိုနေတယ်"

"ဟာ ... ဒီကောင်မလေး ... "

"ဝူး ... "

အာကာထက်က ကားကို မောင်းထွက်လာလေရာ သဏ္ဌာန်သင်းက -

"မေမေရေ ... မေမေ"

အသံစူးစူးလေးနှင့်အော်ရင်းပါလာသည်။ ခဏကြာတော့ သဏ္ဌာန်သင်း ... မျက်နှာလေးငိုနေရာမှ နောက်သို့လှည့်ကြည့်ပြီး ဝင်းပသွားသည်။

"ဖေဖေ ... မေမေ သမီးတို့နောက်လိုက်လာတယ်"

"ဟင် ... "

အာကာထက် ဘာမှမပြောတော့ဘဲ ကားကို အရှိန်ပြင်းပြင်း မောင်း၍ သာလာခဲ့တော့သည်။



ဒီမိုးအဝင်တံခါးက
ပန်းဒိုင်းကိုတိုက်ခတ်ကာ
ဒီဓာတ်ကလွင့်ထွက်သွားတာကို
မြွေ့ရှု ...

## အခန်း (၁၁)
## သန်းခေါင်ည နှုတ်ဆက်မယ်

www.burmeseclassic.com

www.burmeseclassic.com

"သမီးက သူ့အမေကိုခွဲပြီးဖြစ်တာနေမှာပါကွာ စိတ်ထဲ ထားမနေ ပါနဲ့"

အာကာထက်ကအိမ်ရောက်တော့ မျိုးအောင်ကို အကျိုးအကြောင်း ပြောပြရာ မျိုးအောင်က အာကာထက်ခံစားရမည်ကို၍ ဖြေပြော ပြောလိုက်သည်။

"ငါ့စိတ်ထဲမှာလည်း တစ်မျိုးကိုဖြစ်နေတာ ကားထဲမှာ တစ်ယောက် ယောက်ပါလာတယ်လို့ထင်ရတယ်"

"ဟင်း ... "

မျိုးအောင်က လေပူတစ်ချက်ကိုမှုတ်ထုတ်လိုက်သည်။

ထိုစဉ် ...

သစ္စာဖြူအမေ ဒေါ်မာလာအခန်းထဲကထွက်လာပြီး အာကာထက်နှင့် မျိုးအောင်တို့ထိုင်နေရာသို့ရောက်သည်။

"မြေးကတော့ အိပ်ပျော်နေပြီ သူ့အမေကားထဲမှာရှိတယ်လို့





ပြောနေတယ်၊ ကလေးကအမေရင်ခွင်မှာနေတဲ့ အရွယ်ဆိုတော့ အမေကို တတာပဲလေ"

ဒေါ်မာလာခုံမှာဝင်ထိုင်ရင်းပြောသည်။

အာကာထက်က ...

"နောက်ရက်တွေ သူ့အမေကိုမေးရင် ဘယ်လိုလုပ်မလဲ အမေ"

"ကြည့်ပြောရမှာပေါ့ ... ထူးခြားတာကအခုတစ်ရက်နှစ်ရက် မြေးပျောက်သွားလို့လိုက်ရှာရင် ကားဂိုဒေါင်မှာတွေ့ရတယ်"

"ဟင်"

အာကာထက်နှင့်မျိုးအောင်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"အမေက ကားဂိုဒေါင်ထဲ ဘာသွားလုပ်တာလဲ မေးတော့ မေမေ့ဆီ သွားတာတဲ့ ... "

"ဟာ [illegible]နာသဲ ... "

အာကာထက်ခေါင်းကို လက်နှစ်ဖက်နှင့်ကုတ်ကာ ပြောလိုက်သည်။

ဒေါ်မာလာကဆက်၍ ...

"အမေက မြေးမေမေကားဂိုဒေါင်ထဲမှာမနေပါဘူးပြောတော့ ရှိတယ်တဲ့ သူနဲ့တောင်စကားပြောတယ်ဆိုပဲ ...

အိမ်ပေါ်မှာနေရတာပျင်းလာတာနဲ့ ကားဂိုဒေါင်ဘက်သွားမယ်လုပ် နေတယ် မော့င်အာကာလည်း အလုပ်ရှုပ်နေတော့မပြောဖြစ်တာ ... "

မျိုးအောင်က ခေါင်းတညိတ်ညိတ်နားထောင်ရင်း ဒေါ်မာလာ အား -



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ညှော်ခန်းထဲကပန်းချီကားကို ဂိုဒေါင်ထဲထည့်ထားတယ်လေ သူ့အမေပုံကိုကြည့်ပြီး ပြောတာလားမှမသိတာ"

"မသိပါဘူး ‗ မောင်မျိုးအောင်ရယ် ‗ ကလေးက အရွယ်ငယ်ငယ်နဲ့ ရုတ်တရက်အမေကိုခွဲရတော့ စိတ်ဝေဒနာဖြစ်မှာ စိုးရိမ်တယ်အဲ ... နောက်တစ်ခုက ... "

ဒေါ်မာလာကပြော၍ ... စကားကို ရပ်လိုက်ရာ မျိုးအောင်က ...

"နောက်တစ်ခုဆိုတာ ဘာလဲ ... အဒေါ် ... "

"အင်း ‗ သမီးနဲ့မြေးနဲ့က လိပ်ပြာမခွဲရသေးဘူးလေ အဲဒီအတွက် အဒေါ်စိုးရိမ်တယ်"

"ဖြစ်တတ်လို့လား အဒေါ်"

"လောကမှာ ထူးဆန်းတာတွေအများကြီးမလားပြောလို့တော့ မရဘူး လိပ်ပြာမခွဲရသေးရင် သမီးဖြူက သူ့သမီးကိုစိတ်မချတာနဲ့ အနားမှာလာနေလို့ရတယ်မလား"

"အင်း ... "

ဒေါ်မာလာပြောတာကို အာကာထက်နှင့်မျိုးအောင်တို့ ဘာမှဆက်မပြောဘဲ ငြိမ်၍သာနေလိုက်၏။

"ဒီည ရက်လည်ညနေ့ သန်းခေါင်မရောက်ခင်အိမ်တံခါးတွေ အားလုံးဖွင့်ထား သန်းခေါင်ကျော်မှပိတ်လိုက် သမီးဖြူ ဒီအိမ်က အပြီးထွက်သွားမှာ ကာယကံရှင်မောင်အာကာကတော့ ပိုသတိထားပေါ့ ‗ သေသူတွေဟာ အဲလိုညကျရင် အရမ်းသနားဖို့ကောင်းတယ်"





"ဟုတ်ကဲ့ပါ ... "

"အမေသွားဦးမယ် ... မြေးကညာဘက်ဆို ထထပြီးငိုတတ်တယ် သူ့နားမှာရှိမှ ... "

"ဟုတ်ကဲ့ ... "

ဒေါ်မာလာထွက်သွားတော့ အာကာထက်လည်းဆိုဖာခုံပေါ်လှဲ ချကာ မျက်လုံးကိုမှိတ် နဖူးပေါ်လက်တင်ကာ သူ့မိန်းမသစ္စာဖြူအကြောင်း တွေးနေမိသည်။

မျိုးအောင်က အာကာထက်ခံစားမှုကိုနားလည်၍ ဘာစကားမှ မပြောဘဲ စားပွဲပေါ်ကဂျာနယ်တစ်စောင်ကို ကောက်ယူဖတ်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကို ... "

"ဟင်"

အာကာထက်ရဲ့ဘေးကထွက်လာတဲ့အသံကြောင့် မျက်စိကို ဖွင့်ကြည့်လိုက်ရာ သူ့ဘေးတွင်မိန်းမတစ်ယောက် ဆံပင်ကိုဖားလျားချလျက် အဖြူရောင်ဝတ်ရုံပါးပါးကိုဝတ်ကာ သူ့ကိုကြည့်နေသည်။

"မင်း ... မင်း ... ဘယ်သူလဲ"

အာကာထက် လှဲနေရာက ထထိုင်ကာမေးလိုက်သည်။

"ဟင်း ... ဟင်း"

ရယ်သံကတစ်မျိုးဖြစ်လို့နေသည်။

"ဘာ ... ဘာလုပ်မလို့လဲ ... "

"ကို ... ကို ... လာနှုတ်ဆက်တာ ... "

"ဟင် ... "





လေသံကတော့ သူ့ဇနီးသစ္စာဖြူရဲ့လေသံဖြစ်ပေမယ့် ရုပ်သဏ္ဌာန်ကတော့ လုံးဝမတူပဲမိန်းကလေးငယ်တစ်ယောက်ဖြစ်နေ၏။

"ဖြူ ... ဒီမှာနေခွင့်မရတော့ဘူး ကို ... "

"မင်း ... မင်းကို ငါမသိဘူး ... "

အာကာထက်က အသံကုန်ဟစ်ကာအော်လိုက်သည်။

"ကိုက ... ကို့မိန်းမဖြူကိုတောင်မသိတော့ပါလား ... "

မျက်နှာကိုဆံပင်များဖြင့် အုပ်ကာပြောနေသည့်မိန်းကလေးအား အာကာထက် ကြောက်ရွံ့ပေမယ့် စကားပြောသည့်လေသံကြောင့် စိတ်ဝင်တစား ရှိလေသည်။

"မင်း ... ပန်းချီကားထဲဝင်သွားတဲ့ မိန်းမ မလား"

"အင်း ... ဟုတ်တယ်လေ အပြင်မှာနေလို့မရလို့ ပန်းချီပုံထဲဝင်နေတာ"

"မင်း ... မင်းပုံမှမဟုတ်တာ"

အာကာထက် ခပ်ပြတ်ပြတ်ပြောလိုက်သည်။

"ဟင်း ... ဟင်း ... ကိုကလည်း တစ်မျိုးပဲ ဖြူပုံထဲဖြူဝင်နေတာလေ"

"မင်းက ဖြူမှမဟုတ်တာ"

"ဖြူပါ ကိုရဲ့ ဖြူပါ ကို့ကိုသိပ်ချစ်တဲ့ဖြူလေကို မသိတော့ဘူးလား"

အာကာထက်က လက်ကိုကာလျက် ...

"မင်းပုံကဖြူ ... ဖြူမဟုတ်ဘူး နာနာဘာဝသွား ... မင်းသွားပါ"

"ဟင့် ... ဟင့် ... ကို့ဆီဖြူပြန်လာတာပါ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဖြူ့ခန္ဓာကိုယ်ကမရှိတော့ဘူး ဟင့် ... ဟင့် ... ''

ပြောဆိုရင် ဒူးထောက်ကာ အာကာထက်ရှေ့တွင် အားရပါးရ ငိုချလိုက်သည်။

''မင်းက ဖြူ့ဆိုရင်ငါအမျှဝေပြီးပါပြီ တခြားဘဝတစ်ခုခုကို သွားပါတော့''

''မဟုတ်ဘူးကို ... မဟုတ်ဘူး ဖြူ ကိုနဲ့သမီးဆီကိုပြန်လာမှာ ဖြူ့ခန္ဓာကိုယ်ရရင်ပြန်လာမှာ ... ''

ထိုအချိန်တွင် ...

''အု ... ဝူး ... ''

''ဟင် ... ကို ... ဖြူ ... ဖြူသွားတော့မယ် ဖြူသွားရတော့မယ်''

''မင်း ... မင်းဘယ်ကိုသွားမှာလဲ''

အာကာထက်စိတ်ထဲသိချင်တာကြောင့်မေးလိုက်ရာ ဖြူဆိုသည့် မိန်းကလေးက မတ်တတ်ထရပ်၍ ...

''ပရလောကကိုပါ ... ''

''ဟင် ... ပရလောက ဒီလိုဆိုမင်းကနာနာဘာဝပေါ့''

''မဟုတ်ဘူး ဝိညာဉ် ... ကို့ဆီကိုဖြူပြန်လာမယ့်ဝိညာဉ်''

''အု ... ဝူး ... ''

ခွေးတစ်ကောင်က နောက်တစ်ကြိမ်ရူးရူးဝါးဝါးအူလိုက်ရာ မိန်းကလေး ထ၍အပြေး အိမ်ရှေ့တံခါးဝသို့ထွက်သွားစဉ် ...

''ဒိုး ... ''

''ဟင် ... ''





အိမ်အတွင်းအလှထိုးထားသည့် ပန်းအိုးကြီးအား တိုက်ချသွားသဖြင့် ကျကွဲသွားသည်။

အာကာထက်က နောက်မှထလိုက်၍ တံခါးဝမှကြည့်လိုက်သောအခါ ခြံတံခါးအပြင်ဘက်တွင် ဖြူဖြူသဏ္ဌာန်အရိပ်တစ်ခုက သူ့ကို လက်လှမ်းပြ၍ ခလေးကွေးသောခြေလှမ်းတို့ဖြင့်ထွက်သွားတာကို တွေ့လိုက်ရသည်။

အာကာထက်လည်း ရင်ထဲမကောင်းစွာဖြင့် ထိုင်ခုံနေရာသို့ ပြန်လာကာ ထိုင်ချပြီးလှဲလိုက်စဉ် အိပ်ပျော်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ပန်းချီကားချပ်ထဲက ပုံပါလူသန်းစွာ
ပျောက်သွားခဲ့တာကြောင့် ...

## အခန်း (၁၂)
## ပြန်လာမှာပါ

"ဟင်"

မျိုးအောင်အိပ်နေရာမှ ဆတ်ခနဲလန့်နိုးတော့ နာရီကိုကြည့် လိုက်ရာ ညတစ်နာရီထိုးတော့မည်။ သူ့ရှေ့ထိုင်ခုံပေါ်တွင် အာကာထက်တစ်ယောက် အိပ်မောကျလို့နေသလို သူကိုယ်တိုင်ကလည်း အိပ်ပျော်သွားမှန်း မသိအောင် ဖြစ်သွားသည်။ နာရေးရက်တစ်လျှောက်လုံး မအိပ်ရတာလည်းပါမည်ဟု တွေးမိသည်။

သန်းခေါင်ကလည်းကျော်ပြီဆိုတော့ အိမ်တံခါးများကိုပိတ်မည်ဟုတွေးကာနေစဉ် ...

"ဟင် ... ဟိုပန်းအိုးကွဲနေပါလား"

အိမ်အဝင်ဝတံခါးဘေးတွင်ရှိသော ပန်းအိုးမှာကြမ်းပြင်သို့ကျကာ ကွဲလို့နေသည်။

"အင်း ... အဒေါ်ပြောသလို သစ္စာဖြူထွက်သွားပြီဆိုတာကို သက်သေပြခဲ့တာလား"



www.burmeseclassic.com

www.burmeseclassic.com



မျိုးအောင်လည်း ဟိုတွေးဒီတွေးနှင့် အိမ်တံခါးတွေကို လိုက်ပိတ်လိုက်သည်။

ထိုစဉ် ...

"တူ ... တူ ... "

စားပွဲပေါ်တင်ထားသည့် အာကာထက် လက်ကိုင်ဖုန်းမှ အသံထမြည်လာသဖြင့် မျိုးအောင်ကောက်ကိုင်လိုက်သည်။

"ဟဲလို ... "

"သုသာန်ကပါ အလောင်းပျောက်သွားတဲ့ကိစ္စအသိပေးချင်လို့"

"ဟုတ် ... ဟုတ်ကဲ့ ... ဘာထူးခြားလို့လဲခင်ဗျာ"

မျိုးအောင်ကမေးတော့ တစ်ဘက်မှချက်ချင်းမဖြေသေးဘဲ ဖုန်းသံခဏ ရပ်သွားသည်။

"ဟဲလို ... "

"ဟုတ်ကဲ့ _ ပြောပါ့မယ် သတင်းပေးသူရဲ့အချက်အလက် ရှာနေလို့ပါ _ ဒီလိုပါခင်ဗျာ ဒီညနေဆယ်နာရီလောက်မှာ ကျွန်တော် တို့သချိုင်းရဲ့ အအေးတိုက်ကပျောက်သွားတဲ့ အလောင်းနဲ့ချွတ်စွပ်တူတဲ့ မိန်းမတစ်ယောက်ကို ဆိုက္ကားတစ်စီးပေါ်မှာ ကျွန်တော်တို့ဌာနက ဝန်ထမ်းကတွေ့လိုက်တယ်တဲ့"

"ဗျာ ... နေရာက ... "

"ပုလဲဘက်လို့ပြောတယ် ... ထူးခြားတာက အလောင်း မဟုတ်ဘူးနော် အသက်ရှင်နေတဲ့လူ ဆိုက္ကားသမားနဲ့ စကားပြော ရယ်မောပြီးသွားကြတာ"





"ဟုတ်ပြီလေ ... မနက်ရောက်ရင် ကျွန်တော်တို့သွားကြည့်လိုက်ပါ့မယ်"

မျိုးအောင်ကပြောတော့ တစ်ဘက်က ဝန်ထမ်းက ...

"ကျွန်တော်လည်းသွားရှာမှာပါ နယ်မြေက တာဝန်ရှိသူတွေလည်း အကြောင်းကြားလိုက်မယ် ခင်ဗျားတို့ပေးထားတဲ့ ဓာတ်ပုံ ကျွန်တော်တို့မှာ ရှိတယ်လေ"

"ဟုတ်ကဲ့ ... "

"ဒါပဲဗျာ ... ကျွန်တော်တို့ အအေးတိုက်က ပျောက်သွားတဲ့ အလောင်း အအေးခန်းထဲရောက်အောင် ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားမှာပါ"

"ကောင်းပြီလေ ... "

မျိုးအောင်ကပြောလျက် ဖုန်းကိုပိတ်လိုက်တော့သည်။ မနက်ရောက်ရင် အာကာထက်နှင့်တိုင်ပင်ကာ ပုလဲဘက်သွားမည်ဟု စိတ်ထဲ တွေးမိသည်။

နဂိုတည်းက မျိုးအောင်စိတ်ထဲမကျေနပ် အအေးတိုက်ထဲက အလောင်းကပျောက်စရာမရှိ ...

သေသူကဘယ်လိုထသွားမလဲ ...

အလောင်းလာခိုးယူရအောင်လည်း သစ္စာဖြူကို တိုက်မိသောကားသမားက အချုပ်ထဲမှာ သူကလည်းအလောင်းကိုခိုးမှာမဟုတ် အမိပွဲပြမ်ရှိသဖြင့်ပြဟ်ခဲ့ရပြီး ပျောက်သွားတဲ့အလောင်းအတွက် စိတ်သောကရောက်နေရပြန်ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း နှစ်ယောက်ထိုင် ဆိုဖာထိုင်ခုံပေါ်လှဲရင်း တွေးချင်ရာတွေးကာ အိပ်ပျော်လို့သွားတော့သည်။



"ဟီး ... မေမေရှိတော့ဘူး ..."

သမီးလေး၏ဆူညံစွာအော်ငိုသံကြောင့် အာကာထက်လန့်နိုးလာသည်။

"မြေးရယ် တိတ်ပါကွယ် ... မေမေပြန်လာမှာပေါ့ မေမေကဈေးသွားနေတာလေ"

"မဟုတ်ဘူး ဘွားဘွား အရင်နေ့တွေက မေမေ ဟိုဂိုဒေါင်မှာ ရှိတယ် မရှိတော့ဘူး ဟီး ..."

ဒေါ်မာလာက မြေးဖြစ်သူသဏ္ဍာန်သင်းကို ဘယ်လိုချော့ရမှန်းသိတော့ ကလေးကငိုမြဲငိုနေရာ အာကာထက်အပြင် မျိုးအောင်လည်းလန့်နိုးလာသည်။

"သမီး ဘာဖြစ်တာလဲ"

"ဟင့် ... ဟင့် ..."

မျိုးအောင်ကမေးတော့ သဏ္ဍာန်သင်းကမဖြေ။



www.burmeseclassic.com

www.burmeseclassic.com



အာကာထက်က မျိုးအောင်အား ...

“သူ့အမေကို မတွေ့လို့တဲ့ ... ”

“ဟုတ်လားသမီး ... အရင်နေ့တွေက သမီးအမေကို သမီးတွေ့လို့လား”

“ဂိုဒေါင်မှာတွေ့တယ် ဦးမျိုး ... ”

“အရင်နေ့ကတွေ့လည်း အခုလည်းတွေ့မှာပေါ့ လာလာ ဦးမျိုးတို့သွားကြည့်ရအောင်”

မျိုးအောင်က ကလေးကိုချော့မော့ကာခေါ်တော့ အဒိုရပ်ပြီး မျိုးအောင်နှင့်အတူ အိမ်ပေါ်ကဆင်း၍ ကားဂိုဒေါင်ဘက်သို့ထွက်လာရာ အာကာထက်လည်း နောက်မှလိုက်လာသည်။

ကားဂိုဒေါင်တံခါးကိုအသာတွန်း၍ ဖွင့်လိုက်ပြီးအထဲရောက် သောအခါ သဏ္ဍာန်သင်းက မျိုးအောင်ကိုယ်ပေါ်မှဆင်း၍ အနောက်ဘက်နံရံထောင့်တွင် ထောင်ထားသည့် ပန်းချီကားချပ်ကို လက်ညှိုးထိုး၍ ...

“တွေ့လား မေမေရှိတော့ဘူး”

“ဟင် ... ”

“ဟာ ... ”

အာကာထက်နှင့်မျိုးအောင်တို့နှစ်ယောက်လုံး ပန်းချီကားချပ်ကို ကြည့်ကာ အံ့အားသင့်သွားသည်။

မျိုးအောင်က ...

“အာကာ သစ္စာဖြူပုံဘယ်လိုဖြစ်တာလဲ”

“ဟင်း ... ”





အာကာထက်သက်ပြင်းကိုချလိုက်သည်။ ပန်းချီကားချပ်ထဲက သူ့ပုံက ဘာမှမဖြစ်ပေမယ့် သစ္စာဖြူပုံနေရာမှာတော့ ဆေးပျက်ကာ မဲနေသည်။

“အရင်က မေမေသမီးနဲ့စကားပြောတယ်”

သဏ္ဍာန်သင်းက ပန်းချီကားထဲက သူ့အမေပုံရှိရာကိုလက်ညှိုး ထိုးပြကာပြောသည်။

အာကာထက်က သဏ္ဍာန်သင်းအားချီလိုက်ပြီး ...

“သွားရအောင် သမီးရယ် ... သမီးမေမေ အခုမရှိပေမယ့် တစ်နေ့တော့ ဖေဖေတို့ဆီပြန်လာမှာပါ”

“တကယ်နော် ဖေဖေ ... ”

“တကယ်ပေါ့ သမီးရယ် ... ”

အာကာထက်က သဏ္ဍာန်သင်းကိုနှစ်သိမ့်ကာ ကားဂိုဒေါင်က ထွက်လာတော့ မျိုးအောင်လည်း နောက်မှ တိတ်ဆိတ်စွာပါလာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အရိပ်မည်းကြီးတွေက
အတင်းဆွဲပေမယ့်
မရတာကြောင့်...

## အခန်း (၁၃)
## ချောက်ချားစရာညက အရိပ်တွေ

"ကိုမျိုးနဲ့လေ အခုလို စုဝေဆိုကြွားလျှောက်စီးရတာ အရမ်းပျော်တာပဲသိလား ..."

စုဝေကပြောတော့ ကိုမျိုး ရင်နည်းနည်းခုန်ချင်လာသည်။ သူ့ဘဝမှာ အခုလို ချောမောလှပသည့်မိန်းမတစ်ယောက်ကို အိပ်မက်တောင်မမက်ဖူးခဲ့

သူ့ကိုလည်းအနားမှမခွာ ... သူ့ကိုယ်သူလည်း စုဝေဟု ပြောနေပြန်သည်။

ခက်တာက သူကိုယ်တိုင်က စုဝေပါဟုပြောကာ သူ့မယား စုဝေအတိုင်း ပြောဆိုဆက်ဆံပေမယ့် မသာယာရဲ ...

ရုပ်ရည်ကလွဲ၍ ကျန်အပြုအမူအားလုံးမှာ စုဝေအတိုင်းဆို ... ဝေကိုလွမ်းတဲ့စိတ်တစ်ဝက်ကျေခဲ့သည်။

"ကိုမျိုး ဘာတွေစဉ်းစားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ဘာ … ဘာမှမစဥ်းစားပါဘူး"

ဆိုက္ကားနင်းရင်း အတွေးလွန်နေသည့် ကိုမျိုးတစ်ယောက် စုဝေပြောမှ သတိဝင်လာသည်။

"ကိုမျိုး မောနေပြီလား"

"မမောပါဘူး … ရပါတယ် … အစ်မ အိမ်ပြန်ချင်ပြီလား"

"ကိုမျိုးနော် … စုဝေကို အစ်မ အစ်မနဲ့မခေါ်နဲ့ … ဘာအစ်မလဲ ကိုယ့်မိန်းမကို အင်း … စုဝေမနက်ကစပြီး ဖရဲသီး ပြန်ရောင်းမယ်"

စုဝေစကားကြောင့် ကိုမျိုးမျက်လုံးပြူးသွားသည်။

"ဟာ … မရောင်းပါနဲ့ ဘာလို့ရောင်းမှာလဲ ကျွန်တော် … အဲ ကိုမျိုး ဆိုက္ကားနင်းကျွေးပါ့မယ်"

"တော်ပါ ကိုမျိုးရယ် … ကိုမျိုး ဆိုက္ကားနင်းလို့ရတဲ့ပိုက်ဆံ ကိုမျိုးသောက်တာနဲ့ကုန်တာပဲ စုဝေရောင်းမှ အိမ်မှာထမင်းနပ်မှန်မှာလေ"

ဒီစကားက စုဝေသူ့ကိုပြောနေကျစကား သူကလည်း သူပဲ သောက်တာကို မစွန့်လွှတ်နိုင် စုဝေကလည်းအပြစ်မတင် … ညဘက် ဆိုက္ကားသိမ်းလို့ အိမ်ပြန်ရင် စုဝေကဂိတ်သို့လိုက်လာကာ သူ အရက်ဆိုင်ဝင်ရင် စုဝေကဘေးမှာလိုက်ထိုင်ပေးတတ်သည်။

သူ ပိုက်ဆံဘယ်လောက်ရလဲ မမေး … တောင်းလဲမတောင်း ပေးသလောက်သာယူလိုက်သည်။

အိမ်ရောက်ရင် ထမင်းဟင်းကအဆင်သင့် … ထိုမျှ စုဝေက သူ့ကို ချစ်တော့ လူတိုင်းကသူ့ကိုမိန်းမရကံကောင်းသည်တဲ့ ကံဆိုးတာက တစ်ယ လောက်ပဲအိမ်ထောင်ကျသေးသည်။





မိန်းမကဆုံးလေပြီ …

အခုတော့ …

ကံပဲဆိုးတာလား ကံပဲကောင်းတာလား မိန်းမတစ်ယောက်က အိမ်ပေါ်တက်လို့လာသည်။

"ကိုမျိုး အိမ်ပြန်ရအောင် ဆယ်နာရီကျော်ပြီ ကိုမျိုးလည်း နင်းရတာမောပြီ"

"ကောင်းပြီလေ … လမ်းမှာတစ်ပိုင်းတော့ဝင်ချလိုက်ဦးမယ်"

"ကိုမျိုး သဘောလေ … "

ကိုမျိုး ဆိုက္ကားကိုပြန်ကွေ့ကာအိမ်သို့ပြန်နင်းလာသည်။ လမ်းမှာ တွေ့သည့်ဆိုင်တစ်ဆိုင်ရောက်တော့ ကိုမျိုးကစုဝေကိုဆိုင်ထဲသို့မခေါ်ဘဲ ဆိုက္ကားပေါ်၌ထိုင်စောင့်စေ၍ ခပ်မြန်မြန်ဝင်ချကာပြန်လာသည်။

ကိုမျိုးကအနည်းငယ်ယိုင်ထိုးနေပေမယ့် အတွေ့အကြုံအရ ဆိုက္ကားကို ဖြောင့်မတ်စွာနင်းကာပြန်လာသည်။

"ကိုမျိုး ဒီညတော့အိမ်မှာလူတွေမရှိတော့ဘူးနော်"

"ရက်လည်ညဆိုတော့ မရှိတော့ပါဘူး"

"လူတွေက ရယ်တော့ရယ်ရတယ် … စုဝေတစ်ယောက်လုံး ရှိတာ တောင် ဆွမ်းသွပ်လုပ်ရတယ်လို့ … "

"ဒါ … ဒါကတော့ အစ်မရယ် … "

"ဘာအစ်မလဲ … အဲလိုမပြောနဲ့ဆို … ကိုယ့်မယားကို အစ်မလို့ခေါ် တာ ဒါနောက်ဆုံးပဲနော် … နောက်တစ်ခါဆို ကိုမျိုးကို စုဝေမချစ်တော့ဘူး မှာ … "



www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးက ခေါင်းပဲညိတ်ကာ ဆိုက္ကားကို အားစိုက်၍နင်းကာ ပြန်လာတော့သည်။



"အု ... ဂူး"

ခွေးအူသံတွေက အဆက်မပြတ်ကို ဆူညံလို့နေသည်။ စုဝေနားထဲမှာတော့ မခံမရပ်နိုင်လောက်အောင်စူးရှလွန်းသည်။

"အု ... ဂူး"

အိမ်ရှေ့ခန်းထဲမှာ အိပ်နေသည့်ကိုမျိုးကသိမည်ဟုမထင် အိပ်မောတောင်ကျနေသည်။

စုဝေ နားနှစ်ဘက်ကိုလက်နှင့်ပိတ်ထားသော်လည်း ခွေးအူသံတို့က ပျောက်မသွား အိပ်ရာထဲမှာလူးလိမ့်လို့နေသည်။

စိတ်ထဲမှာလည်း အိမ်အပြင်သို့သာထွက်ချင်နေသည်။

ကိုယ့်ကိုယ်ကိုယ် အပြင်မထွက်မိအောင် စိတ်ကိုထိန်းထားသော်လည်း မရ ...

ထို့ကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ဖရိုဖရဲနှင့်အိပ်ရာမှထ၍ အခန်းအပြင် ထွက်လို့လာသည်။

အိမ်ရှေ့အပြင်ဘက်မှာတော့ တွေ့လိုက်ရသည့်အရိပ်သဏ္ဍာန်တို့ကြောင့် စုဝေလန့်သွားသည်။ အားလုံးက သူတို့အခန်းရှေ့မှ ဝိုင်းကြည့်နေကြသည်။

"ဟေး ... ဟေး ... ဟေး ... "

အရိပ်မည်းမည်းအားလုံးက သူ့ကိုလက်ရပ်ကာ ဝိုင်းခေါ်နေကြ သည်။

စုဝေကြောက်၍ အိမ်ဝမှရပ်ကြည့်နေရာ သူ့ဆီသို့လက်များ စုပြုရောက်လာပြီး ဆွဲမည်ပြုရာ နောက်သို့ ခြေနှစ်လှမ်းဆုတ်လိုက်ရသည်။

"သွား ... မလာနဲ့ ... သွား ... "

စုဝေ အသံကုန်ဟစ်ကာအော်လိုက်သည်။ အရိပ်မည်းတို့က အိမ်ခန်းရှေ့မှာ စုပြုနေပေမယ့် အိမ်ထဲသို့ဝင်မလာကြ ...

စုဝေက နောက်သို့လှည့်ကြည့်ကာ . . . အိပ်ခန်းထဲဝင်မည်အပြု ...

"အု ... ဂူး ... "

စူးရှလှသည့် ခွေးအူသံတို့ထွက်ပေါ်လို့လာပြန်သည်။ နားနှစ်ဘက်ကို လက်နှင့်ပိတ်ထားရင်း ဒူးထောက်ကာထိုင်ချလိုက်၏။

နဖူးတွင်လည်းချွေးစေးတို့ထွက်လို့လာသလို ခေါင်းကိုငုံ့ထားရာမှ အိမ်ရှေ့သို့ကြည့်လိုက်ရာ အရိပ်မည်းမည်းတို့မတွေ့ရတော့ —

"ဟင်း ... "

ထိုအခါမှ သက်ပြင်းကိုချကာ အိပ်ခန်းထဲသို့ပြန်ဝင်လာပြီး လှဲလိုက်စဉ် –





"ဟင် ... ရှင် ... ရှင် ... "

အခန်းထောင့်တွင် သူတွေ့လိုက်ရတာက သူနှင့်တစ်ထေရာတည်းတူသည့် ဖြူဖြူသဏ္ဍာန် မိန်းမတစ်ယောက် သူ့ကိုစိုက်ကြည့်နေသည်။

သူသွေးပျက်မတတ်ထိတ်လန့်လို့သွားသည်။

"ရှင် ... ဘာလာလုပ်တာလဲ သွား ထွက်သွားမလာနဲ့"

အသံကုန်ဟစ်ကာအော်လိုက်သည်။

"ဟင်း ... ဟင်း ... "

အခန်းထောင့်က အရိပ်ပုံစံမိန်းမရဲ့ ရယ်သံကခပ်ရွှဲ့ရွှဲ့ရယ်သည့်ပုံစံမျိုးဖြစ်သည်။

"မရယ်နဲ့ အဲလိုမရယ်နဲ့ ... "

စုဝေကအော်ပြန်သည်။ သူလည်းချောင်းတစ်ခုလုံးလည်း ခြောက်ကပ်ကာ အက်ကွဲသလိုခံစားရ၏။

တံတွေးများပင်မရှိတော့သလို ကြောက်လွန်း၍အသားများ တဆတ်ဆတ်တုန်နေရာ ဖြူဖြူသဏ္ဍာန်အရိပ်ကြီးက ...

"ဟား ... ဟား ... ဟား"

အားရပါးရ ရယ်မောလိုက်ရာ ...

"မရယ်နဲ့ ... သွား ... "

စုဝေ ရှိသမျှအားကိုညှစ်၍အော်လိုက်ပြီး သတိလစ်ကာမေ့သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့တကယ်ပဲသွားတော့မှာပဲ
ပန်းချီကားထဲကပုံဟာ
ပျောက်သွားစရာမရှိဘူး ...

အခန်း (၁၄)

## လိပ်ပြာရှာသူတို့ခရီး

"ဟင်"

အိပ်ရာကနိုး၍ အိမ်ရှေ့ခန်းကိုကြည့်လိုက်တော့ ကိုမျိုးမရှိတော့ ကိုမျိုးကမနက်ဆိုစောစောနိုးတတ်သည်။ နိုးတာနှင့်ဆိုက္ကားကိုနင်းကာ အိမ်မှ ထွက်သွား၏။

ဒီနေ့တော့ စုဝေအိပ်ရာထနောက်ကျသည်။ မျက်နှာသစ် အဝတ် အစားလဲပြီး မျက်နှာကိုသနပ်ခါးထူထူလိမ်းလိုက်သည်။

ဆံပင်ကိုလည်း နောက်သို့ခပ်မြင့်မြင့်စီးရင်း ညကသူကြုံခဲ့တာကို တွေးလိုက်ရာ တစ်ခုချင်းခေါင်းထဲ အစီအရီပေါ်လို့လာသည်။

"ငါ ... ငါ အိပ်မက်မက်တာလား"

သူတွေ့ခဲ့တာတွေဟာ တကယ်ကြုံခဲ့တာမဟုတ်မှန်း သူတွေးမိ သည်။

"အင်းလေ ... တကယ်ဆို ငါအော်တာကိုမျိုးကြားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် သူက ဘာကိုမှဂရုမစိုက်တတ်သလို ကြောက် လည်း မကြောက်တတ် ... သူလုပ်စရာရှိတာလုပ်ရဦးမည်ဟုတွေးကာ ခေါင်းရင်း ထောင့်မှာ ထောင်ထားသည့် လင်ဗန်းကိုသွားယူ၍ လက်က ကိုင်ကာ အိမ်ပေါ်မှဆင်းလာသည်။

ဒီရာသီက ပူလွန်းလှသည် သူရောင်းသည့်ဖရဲသီးကလည်း ပူလွန်းမှရောင်းရ၏။ ဖရဲသီးတစ်လုံးကို အစိတ်စိတ် တစ်စိတ်ကို ငါးဆယ် တစ်ရာဖြင့် ရပ်ကွက်ထဲလည်ရောင်း တစ်လုံးကုန်လျှင် နောက်တစ်လုံး ရောင်း ကောင်းတဲ့ရက်ဆို သုံးကျော့ပြန်ရောင်းရသည်။

အရင်းကမလို ဖရဲသီးဒိုင်ကသူတို့ရပ်ကွက်ထိပ်မှာ သုံးလေးဆိုင် ရှိသည်။

ကြိုက်တဲ့ဆိုင်က ယူရောင်းလိုက်ရင်ရသည်။ ညနေအိမ်ပြန်ရင်တော့ နှစ်ထောင်လောက်တော့စီ၏။

မနက်စာထမင်းကလည်း အထူးတလည်မဟုတ် ကြုံရာအသုပ်၊ မုန့်ဟင်းခါးတစ်ခုခုစားလိုက်ရင်ပြီးပြီ။

အတွေးဖြင့်လျှောက်လာရင်း လမ်းထိပ်ရောက်တော့ သူလို ဖရဲသီး ရောင်းသည့် ခင်လေးကိုလှမ်းတွေ့သဖြင့် ...

"ဟဲ့ ... ခင်လေး ဖရဲသီးသွားယူမလို့လား"

"ဟင် ... အင်း"

ခင်လေးက သူ့ကိုကြောင်တောင်တောင်နှင့်ကြည့်နေသည်။

"ဟဲ့ ... ငါ့ကိုများအထူးအဆန်းကြည့်နေတယ် ကဲပြော နင် ဘယ်ဆိုင်မှာယူမှာလဲပြော"





"ဟိုလေ ... ဟို ... "

ခင်လေးက စကားအထစ်ထစ်အငေါ့ငေါ့ဖြစ်နေသည်။

"ခင်လေးကတော့ ခက်တာပဲ ငါ့ကိုတစ်ခါမှမမြင်ဖူးတဲ့ လူမှတ်နေ လား စုဝေလေ စုဝေနင်နဲ့ငယ်ငယ်တည်းက အကြော်လျှောက်ရောင်းလာ တဲ့စုဝေ ထပ်ပြောဦးမယ် ဆိုက္ကားသမားငမျိုးရဲ့မယား စုဝေဟဲ့ ... "

"စု ... စုဝေ"

"အေးလေ စုဝေ ဘာဖြစ်တာလဲ ငါ့ပုံကကြောက်စရာဖြစ်နေလို့ နင်လန့်နေတာလား"

စုဝေက ခင်လေးနားကပ်၍ သူ့ပုံစံအတိုင်းလေသံကျယ်ကျယ်နှင့် ပြောရာ ခင်လေးကနောက်သို့ဆုတ်လျက် ...

"စု ... စုဝေကသေသွားပြီ ... သူ့မသာတောင် ကျွန်မ လိုက်ပို့ လိုက်သေးတယ်"

"ဟဲ့ ... ခင်လေး ... နင်ရူးနေလား ... စုဝေတစ်ယောက်လုံးကို မြင်နေတာတောင် စုဝေသေပြီလို့ပြောတယ် ... "

"ကျွန် ... ကျွန်မ မရူးဘူး ... ရူးတာကရှင် သွားတော့မယ်"

ခင်လေးကပြော၍ သူ့ရှေ့ကထွက်သွားရာ သူလည်း နွတ်ခမ်း တွန့်ကာ ပြုံးလိုက်သည်။

"လူတွေ လူတွေ ဘာတွေဖြစ်နေမှန်းကိုမသိဘူး၊ ရယ်တော့ ရယ်ရတယ် အေးလေ ... သူတို့လည်း သူတို့အတွေးနဲ့သူတို့ပေါ့"

ကိုယ့်ဘာသာကိုယ်တစ်ယောက်တည်းစဉ်းစားကာ လမ်းထိပ်သို့ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အရင်သူယူနေကျ ဖရဲသီးဆိုင်သို့ဝင်၍ ...

''ဦးတိုး စုဝေကိုတစ်လုံးစိတ်ပေး အလုံးကြီးကြီးလုပ်နော်''

ဗန်းကိုချလျက်ပြောလိုက်ရာ ဆိုင်ရှင်ဦးလေးကြီးက သူ့ကို နားမလည်သလိုကြည့်၍ ...

''မိန်းကလေး မင်းကိုဦးလေးမသိဘူး''

''ဟာ ... ဦးလေးကလည်း စုဝေကိုနောက်နေတယ် ... ဦးတိုးဆီက ဖရဲသီးကို စုဝေယူရောင်းလာတာ သုံးနှစ်ရှိပြီရှင့် ... ''

''မဟုတ်တာ မိန်းကလေးရယ် မိန်းကလေးကို ဦးလေး တကယ်မသိတာပါ''

''ဦးတိုး ကျွန်မစုဝေလေ စုဝေမမှတ်မိဘူးလား ... မရောင်းဖြစ်တာ တစ်ပတ်ပဲရှိသေးတယ်''

ထိုအချိန်တွင် ဖရဲသီးဆိုင်သို့ ငမျိုးရောက်လာပြီး ... ဦးတိုးအား ...

''ဦးတိုးရေ သူ့ကိုဖရဲသီးသာစိတ်ပေးလိုက် ကျွန်တော် နောက်မှရှင်းပြမယ်''

ပြောလိုက်ရာ ဦးတိုးက စုဝေလက်ထဲမှဗန်းကိုယူကာ ဖရဲသီးတစ်လုံးကို ခုံပေါ်တင်စိတ်၍ဗန်းထဲထည့်ပေးလိုက်သည်။

''ကိုမျိုး စုဝေနောက်လိုက်လာတာလား''

''အင်း ... ခင်လေးပြောလို့လိုက်လာတာ ညနေမိုးချုပ်အောင်မရောင်းနဲ့ စောစောအိမ်ပြန်''

''အင်းပါ ကိုမျိုးရဲ့ ... ''





''ကဲ ... ကဲ ... ဟိုမှာရပြီ ယူပြီးသွားရောင်းတော့ ... ''

ကိုမျိုးကပြောတော့ စုဝေလည်း ဖရဲသီးဗန်းကိုခေါင်းပေါ် တင်ကာ ထွက်လာသည်။

ကိုမျိုးကတော့ ဖရဲသီးဆိုင်ထဲမှာ ဆိုင်ရှင်ဦးတိုးနှင့် ဘာတွေ ပြောကျန်ခဲ့သည်မသိ ... သူကတော့ တစ်လမ်းဝင်တစ်လမ်းထွက် ဖရဲသီးလှည့်လည်ရောင်းနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"မျိုးအောင် ... ငါတို့အဲဒီဘက်မှာ ရှာတာတစ်လနီးပါးရှိပြီ ဘာမှ လည်း ထူးခြားမှုမရှိဘူး သတင်းစာထဲထည့်ရင်ကောင်းမလား"

အာကာထက်က စိတ်ပျက်စွာပြောတော့ မျိုးအောင်က လေးနက်စွာ တွေးနေရင်းမှ ...

"ငါ့စိတ်ထဲမှာတော့ ထင်နေတယ်"

"ဘာကိုလဲ ... မျိုးအောင်"

"သစ္စာဖြူ ဒီအိမ်ကိုပြန်လာမယ်ဆိုတာကိုလေ ... "

"ဟာ ... မဖြစ်နိုင်ပါဘူး သူတကယ်သေသွားတာပါ ငါကိုယ်တိုင် အအေးတိုက်ကိုလိုက်ပို့ခဲ့တာလေ ...

ပြီးတော့ အိပ်မက်တွေထဲမှာလည်းတွေ့ရတယ် ဟိုပန်းချီကားထဲက ပုံရဲ့အဖြစ်တွေဟာ ဖြူတကယ်သေတာကို သက်သေခံတာပဲ သချိုင်းကလူတွေ သူတို့အပြစ်လွှတ်အောင်ရုပ်ဆင်တဲ့လူကို ပြောတာနေမှာပါ"

အာကာထက်ကပြောတော့ မျိုးအောင်က ...





"ငါ့မိတ်ဆွေတစ်ယောက်ဆီက သတင်းတစ်ခုရခဲ့တယ် ... "

"ဘာသတင်းလဲ ... "

"တရားအားထုတ်လွန်းလို့ သမာဓိအရမ်းကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက် ပုလဲဘက်မှာ ရှိတယ်တဲ့ လူတွေအလွယ်ခေါ်တာတော့ ဘိုးတော်ပေါ့ကွာ ...

သူက အကုန်ပြောနိုင်တယ် မင်းစိတ်ထဲရှင်းသွားအောင် သွားမေးကြမယ်"

မျိုးအောင်ကပြောတော့ အာကာထက်က ...

"ဒီလောက်တိုးတက်နေတဲ့ခေတ်ကြီးမှာ ဒါတွေရှိလို့လား မဖြစ်နိုင်ပါဘူး"

"ဟေ့ကောင် အာကာ မင်းစကားက ဘုရားဒေသနာတော်တွေကို ဆန့်ကျင်နေပြီ ငါတို့က လောင်းကစားနံပါတ်သွားတောင်းတာ မဟုတ်ဘူး ...

မင်းရဲ့အဖြစ်အပျက်တွေက ဘယ်ကွန်ပျူတာနဲ့တွက်ချက်လို့ အဖြေပေါ်မလဲ ရမှမရနိုင်တာ သူတို့ကသီလထိန်းတယ် သမာဓိရအောင် ကျင့်တယ် ...

ဒီတော့ ကိုယ်မသိတာမမြင်တာကို မြင်တယ်လေ ... "

"ကောင်းပြီလေ ... ဘယ်တော့သွားမလဲ"

"ဒီနေ့ အဲဒီဘက်ကိုသွားရင်းဝင်မယ်"

သူတို့နှစ်ယောက် စကားပြောနေရာသို့ သဏ္ဍာန်သင်းရောက်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေတို့ဘယ်သွားမလို့လဲ ... သမီးလည်းလိုက်မယ်"

"မလိုက်ပါနဲ့ သမီးရယ် ဖေဖေတို့က လူတစ်ယောက် သွားရှာမှာ"

"မေမေ့ကိုရှာမှာမလား ... "

"ဟင်"

သဏ္ဍာန်သင်းနှုတ်ကထွက်လာတဲ့ စကားကြောင့် အာကာထက် အံ့သြသွားသည်။

"သမီးပါမှ မေမေ့ကိုတွေ့မှာ ... "

အာကာထက်က မျိုးအောင်ကိုလှမ်းကြည့်သည်။

မျိုးအောင်က ...

"ခေါ်ခဲ့ကွာ ... သမီးပြောတာလည်းဖြစ်နိုင်တယ် ကလေးဆိုတာ မိခင်နဲ့စိတ်ချင်းဆက်နေတာမလား"

"လိုက်ခဲ့ သမီးရေ ... "

"ဟေး ... "

သဏ္ဍာန်သင်းက အာကာထက်လည်ပင်းကို ဖက်တွယ်လို့ထား တော့သည်။



သူ့ရဲ့သနွာ
ကျွန်တော့်ရဲ့ဟန်းဘောင်ဖောက်သွား
ရင် ကျွတ်မယ်လို့ ...

## အခန်း (၁၅)
## မေမေ့ကိုတွေ့တယ်

www.burmeseclassic.com

"ဖရဲသီးစိတ် ချိုချိုလေး ... "

အာကာထက်တို့ထိုင်နေသည့် အအေးဆိုင်လေး၏ မလှမ်းမကမ်းတွင် အမျိုးသမီးတစ်ယောက် ဗန်းခေါင်းပေါ်ရွက်ကာလျှောက်လာသည်။

သဏ္ဍာန်သင်းက ...

"ဖေဖေ သမီးဖရဲသီးစားချင်တယ်"

"သမီး စားချင်ရင်အပြုန်တစ်လုံးဝယ်သွားမယ် အိမ်ရောက်မှစား"

"ဟင့်အင်း ဟိုဖရဲသီးကိုစားချင်တာ ... "

သဏ္ဍာန်သင်းက ဖရဲသီးသည်ကိုလက်ညှိုးထိုးရင်းပြောတော့ ...

မျိုးအောင်က ...

"ဝယ်ကျွေးလိုက်ပါကွာ ကလေးကမြင်ရင်စားချင်တာပဲ"

"ခေါ်လိုက်ကွာ ... "

"ဖရဲသီးသည်လာပါဦး ... "

မျိုးအောင်ကခေါ်တော့ ဖရဲသီးသည်အမျိုးသမီးက သူတို့ဆီသို့လာကာ ထိုင်၍ ဖရဲသီးဗန်းကိုပေါ်ပေါ်တင်လိုက်သည်။





"တစ်စိတ် ဘယ်လောက်လဲ"

"တစ်ရာပါ အစ်ကို"

"မေမေ ... "

အာကာထက်က ဖရဲသီးသည်အားမေးနေစဉ် ဘေးက သဏ္ဍာန်သင်းက ခေါ်လိုက်တဲ့အသံကြောင့် ဖရဲသီးသည်အား သေချာကြည့်လိုက်ရာ ...

"ဖြူ ... "

အာကာထက်နှုတ်မှလွှတ်ခနဲထွက်သွားသည်။ မျိုးအောင်ကလည်း တအံ့တသြကြည့်နေသည်။

ဖရဲသီးသည်က ဘာမှနားမလည်စွာသူတို့ကိုကြည့်နေစဉ် သဏ္ဍာန်သင်းက ပြေး၍ဖက်လိုက်ရာ ဖရဲသီးဗန်းအောက်သို့ကျသွားသည်။

"ဟင် ... "

"မေမေ ... "

"ကလေး ... ဟာ ပြဿနာပဲ"

သဏ္ဍာန်သင်းကတော့ အတင်းကိုဖက်ထားရာ ဖရဲသီးသည်က -

"ဖရဲသီးတွေတော့ ကုန်ပါပြီဘယ်လိုလုပ်မလဲ"

အာကာထက်က -

"ဖြူ ... မင်း ... ဘယ် ဘယ်လိုဖြစ်တာလဲ"

"ကျွန်မ ဖြူမဟုတ်ဘူး။ စုဝေပါ ဖရဲသီးသည်စုဝေပါ ရှင်တို့ လူမှားနေပြီ"

"လူမမှားဘူး ဖြူမင်းဟာဖြူအစစ် သမီးလေးရဲ့အမေ သဏ္ဍာန်ပါ"

"မေမေ ... "



www.burmeseclassic.com

www.burmeseclassic.com



သဇ္ဈာန်သင်းက ကိုယ်ကိုခွာ၍ မျက်နှာချင်းဆိုင်ကာခေါ်တော့ စုဝေ ရင်ထဲထိတ်ခနဲဖြစ်သွားသည်။

"သမီး ... မေမေ့ကိုမျှော်နေတာ ... "

"အေးပါ ... သမီးရယ် ခဏလေးနော် ... ဒီမယ် ကျွန်မ ရှင်ပြောတဲ့ ဖြူမဟုတ်ဘူး ... ကျွန်မနာမည်စုဝေ ဆိုက္ကားသမား ကိုမျိုးရဲ့ မိန်းမ စုဝေ ဒီအပိုင်တစ်ခုလုံးသိတယ်"

"ဖြူ ... မင်းဘယ်လိုဖြစ်သွားတာလဲ ဒါမင်းရဲ့သမီးလေးလေ ကိုယ်က မင်းသိပ်ချစ်တယ်ဆိုတဲ့ယောက်ျား အာကာထက်လေ"

"မဟုတ်ဘူး ... မဟုတ်ဘူး"

စုဝေက ကလေးကိုအသာဖယ်၍ ဖရဲသီးဗန်းကိုကောက်ကိုင်ကာ ပြေးထွက်သွားသည်။

"မေမေ ... "

သဇ္ဈာန်သင်းကလှမ်းခေါ်သလို အာကာထက်ကလည်း လိုက်မည် အပြု မျိုးအောင်က အာကာထက်ပခုံးကိုကိုင်ထားပြီး ...

"ပြဿနာရဲ့အဖြေကိုရပြီပဲ ... ခေါင်းအေးအေးထား အာကာ၊ အခု ငါတို့ရှာရမှာက ဆိုက္ကားသမားငမျိုးပဲ"

အာကာထက်စိတ်ကိုလျှော့ကာ မျက်ရည်ကျပြီးရှိုက်ငိုနေသည့် သမီးလေး သဇ္ဈာန်သင်းအား ကောက်ချီကာနှစ်သိမ့်လိုက်သည်။

"မေမေ့ကို ဖေဖေရအောင်ခေါ်ပေးမှာပါ သမီးရယ်"



"အဲဒါပါပဲ အစ်ကို ... ကျွန်တော် အစ်ကို့ဇနီးကို အစ်

တစ်ယောက်လို ဆက်ဆံခဲ့ပါတယ်၊ သူ့စိတ်က စုဝေစိတ်ဖြစ်နေတာ မယုံနိုင်

စရာပဲ အစ်ကို ... သူ ဒီရက်ပိုင်းပြောတာက ကျွန်တော့်ကို ဘုန်းကြီးဝတ်

စေချင်တယ်တဲ့ ဒါမှသူ့စိတ်ချမှာလို့ပြောတယ်"

အာကာထက်နှင့်မျိုးအောင်က ကိုမျိုးကိုရှာကာမေးတော့ ကိုမျိုးက

အကျိုးအကြောင်းရှင်းပြလိုက်သည်။

"သူ့ကိုယ်သူ သစ္စာဖြူဆိုတာနဲ့ပတ်သက်ပြီး ပြောဖူးလား _ "

"ဘယ်ပြောမလဲ အစ်ကို ... သူကလုံးဝစုဝေပဲ စုဝေဘဝ အားလုံ

သူသိတယ် ... ကျွန်တော် သူ့ယောက်ျားပဲ ကျွန်တော်ပြောတာယုံ

ကျွန်တော် သူ့ကို စိတ်နဲ့တောင် မပြစ်မှားဘူး"

ကိုမျိုးက ရိုးရှင်းစွာပြောမှန်း အာကာထက်သိသည်။

ထို့ကြောင့် ...

"စုဝေကငါ့ညီကိုဘုန်းကြီးဝတ်စေချင်တယ်ဆိုတော့ငါ့ညီကဝတ်မှာလား"

"အဘနဲ့ ဟိုတစ်ရက်ကတွေ့တော့ ကျွန်တော့်ကိုလာမယ် လပြည့်နေ့



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘုန်းကြီးဝတ်ရမယ်တဲ့ ပိုက်ဆံမှမရှိတာအစ်ကိုရယ် ... ဘယ်လိုဝတ်မလဲ စုဝေ ... အဲ ... အစ်မ ဖရဲသီးရောင်းရင်းစုထားတာ ခုနစ်ထောင်လောက်ရှိတယ် ဘယ်ရမလဲ''

ကိုမျိုးစကားကြောင့် အာကာထက်ကပြုံးလိုက်သည်။ ပြီးတော့ ...

''အဘဆီ အစ်ကိုတို့ရောက်ပြီးပါပြီ ငါ့ညီရဲ့ပဋ္ဌင်းဒကာက စုဝေပဲ ဖြစ်ရမယ်တဲ့ ဒါမှစုဝေ အခုလိုသူတစ်ပါးခန္ဓာမှာတွယ်ကပ်နေရာကလွတ်မှာတဲ့

နောက်တစ်ခုက ခန္ဓာရဲ့လိပ်ပြာရှင်ပြန်လာဖို့ ကိုယ်တို့ သမီးလေးကို သီလရှင်ဝတ်ပေးရမယ်လို့ မိန့်တယ် ...

စုဝေရဲ့ဆန္ဒပြည့်အောင် ငါ့ညီကို အစ်ကိုငွေပေးလိုက်မယ် လင်ရှာလာတာမယားပိုင်တာပေါ့ သူဝတ်စေချင်တဲ့ဘုန်းကြီး ငါ့ညီ ဝတ်လိုက်ပါ ...

တစ်သက်လုံးဝတ်နိုင်ရင် တစ်သက်တာဒကာခံပါ့မယ်''

''အစ်ကို တကယ်ပြောတာလား ... ''

ကိုမျိုးက အားရဝမ်းသာပြောတော့ အာကာထက်ကပြုံး၍ ...

''တကယ်ပြောတာပါ ငါ့ညီ ... သေဆုံးသူငါ့ညီဇနီးဟာ ငါ့ညီကိုကောင်းစေချင်လို့ ရရာဘဝကနေ အလှူဒကာမလုပ်မှာကို ငါ့ညီ ယောက်ျားတစ်ယောက်အနေနဲ့ ကူညီလိုက်ပါကွာ ... ''

''ဟုတ်ကဲ့ပါ အစ်ကို ... ''

ကိုမျိုးက မျက်ရည်လေးလည်ကာ အာကာထက်အားမြေကြီးပေါ် ဒူးထောက်ထိုင်၍ ရှိခိုးလိုက်တော့သည်။



# အဆုံး

''ဦးဖင်းကို တပည့်တော်မ အခုလိုမြင်ရတာ အရမ်း စိတ်ချမ်းသာတာပဲ''

ဦးဖင်းပဏ္ဍိတခေါ် လူအမည် ကိုမျိုးကတော့တည်တည်ငြိမ်ငြိမ် နှင့်ပင် သူ့ဘေးမှာတော့ သီလရှင်မလေး ဒေါ်ခေမာစာရ ခေါ် လူအမည် သဇ္ဈာနှင်း

''ဆရာလေးလည်း ကြည်ညိုစရာကောင်းလိုက်တာ ... ''

စုဝေက ဦးဖင်းပဏ္ဍိတနှင့်သီလရှင်မလေး ဒေါ်ခေမာစာရတို့ကို တရိုတသေထိုင်၍ ရှိခိုးလိုက်သည်။

ဒီအလှူကတော့ စုဝေတို့ရပ်ကွက်သက်တမ်းတစ်လျှောက် အကြီးမားဆုံး အလှူ ဝက်သား၊ ကြက်သား၊ ငါးပေါင်းအစုံကို တဝကြီးကျွေးတာ ...

အလှူမဏ္ဍပ်ဆိုင်းဘုတ်မှာ ရေးထိုးထားတာ အလှူဒကာမ မစုဝေ အလှူတော်မင်္ဂလာမဏ္ဍပ်တခမ်းတနားရေးထိုးထားတာကြောင့် တချို့က အံ့သြကြပေမယ့် အကြောင်းစုံကိုသိထားတာကြောင့် နားလည်ကြသည်။

ဒေါ်မာလာ၊ အာကာထက် မျိုးအောင်တို့ကလည်း စုဝေလှူနိုင်အောင် လိုလေသေးမရှိ ဖြည့်ဆည်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ရေစက်ချတရားနာရအောင်"

"ဒို ... "

မောင်းထုသံနှင့်အတူ မဏ္ဍပ်တွင်းရှိလူများက နေရာယူလိုက်ကြသည်။ ဆရာတော်က သီလပေးပြီးရေစက်ချတရားတော်ကို ရွတ်ဖတ်စဉ် စုဝေရဲ့လက်တွေတုန်လာသည်။

ဆရာတော်က ...

"ဒကာမ အားလုံးကိုအမျှပေးပြီး ကိုယ်တိုင်လည်းသာဓုခေါ်ပါ"

"တင်ပါ့ဘုရား ... "

စုဝေရဲ့လက်တွေတုန်နေသလို မျက်ရည်တို့ကလည်း ပါးပေါ် လိမ့်ဆင်းလာကာ ငိုသံပါကြီးဖြင့် ...

"အားလုံးကြားကြားသမျှ အမျှ _ အမျှ ... အမျှ ယူတော်မူကြပါ ရှင်"

"သာဓု ... သာဓု ... သာဓု ... "

"အားလုံးကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါ ရှင် "

"သာဓု ... သာဓု ... သာဓု ... "

"ဝုန်း ... "

"ဟင် ... "

"ဟာ ... "

စုဝေတစ်ယောက် အမျှဝေပြီး ရေစက်ခွက်ကိုကိုင်လျက် ပစ်လဲလို့သွားတော့သည်။



# နိဂုံး

"ကို ... ဖြူ ... ဖြူ ဘယ်ရောက်နေတာလဲဟင် ... "

သစ္စာဖြူက သူ့ဘေးဘယ်ညာကိုကြည့်၍ မေးလိုက်ရာအာကာထက်က ...

"ကိုယ်တို့သမီးလေးကို သီလရှင်လာဝတ်ပေးတာလေ"

"မဟုတ်ပါဘူး ဖြူ့ကိုကားတိုက်လို့ လမ်းဘေးကျသွားတာလေ"

"ကဲ ... အဲဒါတွေနောက်မှပြောမယ် ... ဒီမှာကြည့်ပါဦး ဘယ်သူ လဲ"

အာကာထက်ပြရာသို့ သစ္စာဖြူကကြည့်လိုက်ရာ ...

"ဟင် ... သမီး ... အဲ ... ဆရာလေး ... "

"ဒကာမကြီး သတိရပြီလား ဆရာလေးစိတ်ပူနေတာ ... "

"သတိရလာပြီ ဆရာလေးရယ် အားလုံးကိုဒကာမကြီး သတိရ လာပြီ"

သစ္စာဖြူက အာကာထက်ပွေ့ထားရာမှထ၍ ဆရာလေးအားချီရင်း အာကာထက်ရဲ့လက်ကိုချိတ်ကာ မဏ္ဍပ်တွင်းမှထွက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အလှူလာသူအပေါင်းနှင့်ဘယ်သူမှမကြားနိုင်တဲ့ ရှိက်သံတစ်ခုကတော့ မဏ္ဍပ်အပြင်ဘက်တစ်နေရာကထွက်လာသလို ဦးဇင်းပဏ္ဍိတရဲ့ဝေ့ဝါးနေတဲ့ အကြည့်က သစ္စာဖြူတို့သားအမိသုံးယောက်နောက်ကျောသို့ ကြည့်၍သာ နေလေတော့သည်။

BURMESE CLASSIC .com

ပြီးပါပြီ။

အနုပညာခရီးကို ထာဝရလျှောက်လှမ်းပါရစေ ...

အစဉ်ကြိုးစားမယ့် အစဉ်ပဲကြိုးစားတဲ့

စာရေးတဲ့

**ကန့်လေးရိုးက ဖွားလောက်ကြီး**

တယ်လီဖုန်းဖြင့် ဝေဖန်မိတ်ဆက်

အကြံပြုသူများမျှော်လင့်လျက် –

ဖုန်း – ၀၁ ၄၀၁၃၆၄၊ ၀၉ ၇၃၁၁၃၉၀၉



www.burmeseclassic.com